30-10 (01)   1   10/30/06, 2:28 AM

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၀)

ဝီရိယနှင့် ဆန္ဒအကျိုး

ဝီရိယဝတော ကိံ နာမ ကိစ္စံ န သိဇ္ဈတိ။
ဝီရိယရှိသောပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။
ဆန္ဒဝတော ကိံ နာမ ကိစ္စံ န သိဇ္ဈတိ။
ဆန္ဒရှိသောပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။ ။ (သာသနာရေး)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဆီယံ-တရုတ်ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့်(၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-တရုတ် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲများ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ-တရုတ် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။ **(အောက်ပုံ)** *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်

နိုင်ငံတော်၏ စီးပွားရေးဘဝတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ကျယ်ကျယ်ပြန့်ပြန့် ရပ်တည်ပါဝင်လျက်ရှိသည်။ နိုင်ငံတော်၏ ပို့ကုန်သွင်းကုန်ပမာဏ တိုးတက်စေရေးနှင့် နိုင်ငံတကာကုန်သွယ်မှု လုပ်ငန်းများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ နိုင်ငံအနှံ့ ၆၁ နေရာတို့၌ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

ယင်းဆွေးနွေးပွဲများတွင် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတည်ထောင်ခြင်းဆိုင်ရာ အချက်အလက်များ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ အချက်အလက်များ၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးဆိုင်ရာ အချက်အလက်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် သတင်းအချက်အလက်များ ရရှိရေးစသည့် ဘာသာရပ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်မှ ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ပုဂ္ဂိုလ်များက ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့များသည် မန္တလေးမြို့၊ မုံရွာမြို့၊ တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ ပဲခူးမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မြိတ်မြို့၊ လွိုင်ကော်မြို့များနှင့် နယ်စပ်မြို့ ၂၂မြို့၊ တောင်ငူ၊ တောင်တွင်းကြီး၊ အောင်လံ၊ သာယာဝတီစသော ကုန်းတွင်းပိုင်း ၁၉မြို့တို့တွင် ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့တွင် ကုန်သွယ်ဖက်နိုင်ငံများဖြစ်သော အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၊ နယူးဇီလန်၊ ဩစတြေးလျစသည့် နိုင်ငံများ၊ အခြားနိုင်ငံများနှင့် မြန်မာနိုင်ငံတို့ ပုံမှန်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ဘက်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်း ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲများကျင်းပခြင်းဖြင့် ပြည်နယ်၊ တိုင်းဒေသအသီးသီးရှိ တိုင်းရင်းသားလုပ်ငန်းရှင်များက ထိုက်သင့်သော ငွေကြေးအရင်းအနှီးဖြင့် စက်မှုကုန်ထုတ်ကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာခြင်းဖြင့် နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏကို မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေးဟူသည့် စီးပွားရေးဦးတည်ချက်ကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ ပို့ကုန်သွင်းကုန်ပမာဏ တိုးတက်စေရေးအတွက် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု ယူနန်ပြည်နယ် အရှိန်အဟုန်ဖြင့် တိုးတက်

ကူမင်း အောက်တိုဘာ ၂၉

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်သည် မြန်မာ၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိရာ ယခုနှစ် ပထမကိုးလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉ ဘီလီယံရရှိခဲ့ကြောင်း၊ ယင်းမှာ နှစ်ချင်းအလိုက်မြင့်တက်မှု၏ ၃၇ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒေသဆိုင်ရာ အကောက်ခွန်ဌာနများ၏ စာရင်းအရ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၆ ဘီလီယံရှိကာ ၄၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၃၉ သန်းရှိကာ ၂၅ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၇၁၇ သန်းရှိခဲ့သည်။

တင်ပို့ရောင်းချ

ဇန်နဝါရီနှင့် စက်တင်ဘာအတွင်း ယူနန်ပြည်နယ်သည် သတ္တုမဟုတ်သောပစ္စည်းများ အာဆီယံနိုင်ငံများသို့ တန်ချိန် ၇၀၀၀၀ တင်ပို့ရောင်းချရာမှ ဒေါ်လာ ၂၄၆သန်း ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနှင့် စင်ကာပူနိုင်ငံတို့သည် ယူနန်ပြည်နယ်၏ ထိပ်တန်း ကုန်သွယ်ဖက်နိုင်ငံများ ဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

တစ်ကမ္ဘာလုံး ပူနွေးလာမှု ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးကို ခြိမ်းခြောက်နေ

လန်ဒန် အောက်တိုဘာ ၂၉

တစ်ကမ္ဘာလုံး ပူနွေးမှုက ကမ္ဘာ့နှစ်စဉ်စီးပွားရေး ထုတ်လုပ်မှုပမာဏကို ၂၀ ရာခိုင်နှုန်းအထိ လျော့ပါးသွားနိုင်ကြောင်း ဆာနီကိုလပ်စတန်း၏ ဩဇာတိက္ကမရှိသော အစီရင်ခံစာက ဖော်ပြမည်ဟု မျှော်လင့်ရသည်။

မျှော်လင့်

အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်မည့် စတန်းသုံးသပ်ချက်တွင် ဆာနီကိုလပ်စတန်း၏ ဝေဖန်သုံးသပ်ချက်များ အများအပြားပါဝင်မည်ဟု မျှော်လင့်ရသည်။

ဩဇာရှိ

ကမ္ဘာ့ဘဏ် စီးပွားရေး ပညာရှင်ဟောင်းတစ်ဦးဖြစ်သူ ဆာနီကိုလပ်စတန်းအား ဘက်မလိုက်သည့် ပုဂ္ဂိုလ်အဖြစ်ရှုမြင်ထားကြသည့် အတွက် အစီရင်ခံစာမှာ ဩဇာရှိမည်ဖြစ်သည်။

သုံးသပ်ထား

ဆာနီကိုလပ်စတန်းသည် စီးပွားရေး တိုးတက်မှုပမာဏ သို့မဟုတ် ဂျီဒီပီ အပေါ် ကမ္ဘာ့ပူနွေးလာမှုက ၂၁၀၀ပြည့် နှစ်အထိ ရိုက်ခတ်မှုကို စူးစမ်းသုံးသပ်ထားသည်။

အခြေခံထား

၎င်း၏ ကောက်ချက်များသည် ဓမ္မဓိဋ္ဌာန်ကျကာ စီးပွားရေး အကြောင်းအချက်များပေါ် အခြေခံထားသည်ဟုဆိုသည်။ **(အင်တာနက်)**

ဖိလစ်ပိုင် ဘူလူဆန်မီးတောင် ပြာမှုန့်များ မှုတ်ထုတ်

မနီလာ အောက်တိုဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ ဘူလူဆန်မီးတောင်သည် အောက်တိုဘာ ၂၆ရက်က ရွံ့နှင့်ပြာမှုန့်များ မှုတ်ထုတ်လာကြောင်း ဒေသခံပြည်သူများအား အာဏာပိုင်များက သတိပေးလိုက်သည်။

ပြောင်းရွှေ့

ဘူလူဆန်မီးတောင်ဝန်းကျင်ရှိ အန္တရာယ်ရှိရာဒေသများမှ အနည်းဆုံး မိသားစုလေးခုမှာ လုံခြုံစိတ်ချရာ ဒေသများသို့ ပြောင်းရွှေ့သွားပြီ ဖြစ်ကြောင်း ပြည်နယ်သဘာဝ ဘေးအန္တရာယ် ညှိနှိုင်းဆောင်ရွက်ရေး ကော်မတီက သတင်းစာရှင်းလင်းပွဲ၌ သတင်းထုတ်ပြန်သည်။

ဒုတိယအကြိမ်

မနီလာမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၆၀အကွာတွင်ရှိသော ဘူလူဆန်မီးတောင်၏ အောက်တိုဘာ ၂၆ရက်က ရွံ့နှင့် ပြာမှုန့်များ မှုတ်ထုတ်မှုမှာ ယခုသီတင်းပတ်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၃၀-၁၀-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ မိုးလေဝသသတင်း
၆း၃၅ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၂၈)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မေးမြန်းစူးစမ်း
၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၂၀)

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်၌ (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်မှုလယ်ယာသုံး ကုန်စည်ပြပွဲကို အောက်တိုဘာ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

■ ရှေ့ဖုံးမှ

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ-တရုတ် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲများသို့တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အားပေးထောက်ခံ လက်ခုပ်သံ

(တျာချင်း)

❖ ဇမ္ဗူကျွန်းထိပ်၊ ကွန်းရိပ်ညောင်နှစ်ပင်၊
စုံညီဆုံတွေ့၊ ချမ်းမြေ့စိတ်ကြည်လင်၊
ကောင်းကျိုးမြော်မြင်၊ တိုင်ပင်ဆွေးနွေး။
အမျိုးသားမာန်၊ နိုးကြားသန်
နိုင်ငံစည်သာအေးစေဖို့လေး။

❖ နိုင်ငံရှေ့ရေး၊ မျှော်တွေးလို့ကြံစည်
ရွှေနိုင်ငံကြီး၊ ဖွဲ့စည်းပုံဖော်ပြီ၊
သွေးစည်းညီညီ၊ ချစ်ကြည်အင်အား။
တိုင်းရင်းသားဆွေ၊ ညီနောင်တွေ
အခြေခံဥပဒေရေးသားပြီမို့လေး။

❖ ပြည်ထောင်စုဖွား၊ ကယား ဗမာ ကရင်၊
ရခိုင်ဆွေရင်း၊ ရှမ်း ချင်း မွန် ကချင်၊
လက်တွဲတူယှဉ်၊ ဆောင်ငင်အောင်ပန်း။
နိုင်ငံသစ်တည် ဖွံ့ဖြိုးစည်
ခေတ်မီရင်ပေါင်တန်းနိုင်ဖို့လေး။

❖ မပင်မပန်း၊ ရွှင်လန်းတက်ကြွစွာ၊
ကိုယ်စီဆန္ဒ၊ တင်ပြညှိနှိုင်းကာ၊
ဆုံးဖြတ်ကြရာ၊ ညီညာဖြဖြ။
အားပေးထောက်ခံ လက်ခုပ်သံ
နိုင်ငံခိုင်သန်လှစေဖို့လေး။

❖ အေးအတူ ပူအမျှ နေကြတဲ့မျိုးနွယ်၊
အာဏာတည်တံ့၊ နိုင်ငံ့ပိုင်နက်ကျယ်၊
ပေါင်းကူးယှက်နွယ်၊ ခင်တွယ်လေးစား။
အရေးတယူ အလေးမူ
ဖေးကူရိုင်းပင်း အားတွေနှင့်လေး။

❖ တိုးပွားစည်သာရန် ဆောင်ရွက်နိုင်ကြပြီ။
အမျိုးသားညီလာခံ အောင်ပန္နက်ခိုင်လှသည်။ ။

ရေနံ့သာမောင်ကျော်ညွန့်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ၁၃၆၈-၆၉ခုနှစ် ပညာသင်နှစ်ဝင်ခွင့်စာမေးပွဲရက် ကြေညာ

ရန်ကုန် အောက်တိုဘာ ၂၉

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်နှင့်မန္တလေး) တို့၌ ၁၃၆၈-၆၉ ခု ပညာသင်နှစ် သာသနတက္ကသီလ ဓမ္မာစရိယ ပထမနှစ်သင်တန်းသို့ တက်ရောက်လိုသော ရဟန်းသာမဏေများအတွက် ဝင်ခွင့်စာမေးပွဲကို ကျင်းပသွားမည်ဖြစ်ရာ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဝိနယ၊ အဘိဓမ္မာနှင့် ဗဟုသုတဘာသာရပ်၊ နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီ အထိ ပါဠိဘာသာ၊ နိုဝင်ဘာ ၁၅ ရက်မွန်းလွဲ ၁ နာရီမှ ညနေ ၄နာရီအထိ အင်္ဂလိပ်ဘာသာနှင့် နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် လူတွေ့ နှုတ်မေးခွန်းများကို ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့ ဝေဘူချောင်၌ ရတနာသုံးပါးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ကျေးဇူးရှင်ဝေဘူဆရာတော်ကြီးအား ရည်စူး၍ ကျောက်ဆည်မြို့ ဝေဘူချောင်တရားစခန်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၆)ကြိမ်မြောက် ရတနာသုံးပါးပူဇော်ပွဲကို နိုဝင်ဘာ ၁၁ရက်နှင့် ၁၂ရက်တို့တွင် ပင့်သံဃာတော် ၁၀၀၀ ကျော်နှင့်ယောဂီ ၂၀၀ တို့အား ဆွမ်းဆန်စိမ်း၊ ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ အလှူရှင်များသည် တတိယ ဝေဘူဆရာတော် ဦးဉာဏိန္ဒ(ကျောက်ဆည်)ဖုန်း-၀၆၆-၅၀၄၄၆၊ ဦးစိုးနိုင်(ကျောက်ဆည်) ဖုန်း-၀၆၆-၅၀၀၆၉ နှင့် ကျောက်ဆည်အသင်း(ရန်ကုန်) ဖုန်း-၅၅၂၇၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းရေးကျောင်း ကထိန်တရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားအရှေ့ဘက်မုခ် ငြိမ်းချမ်းရေးကျောင်းတိုက်ကြီး၏ (၄၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီးတွင် ဓာတ်တော်ကြွင်းတော်မူသော ပထမဆရာတော်ကြီး၏ သုခပဋိပဒ္ဒါလမ်းစဉ်နှင့်အညီ ငြိမ်းချမ်းရေး နယ်လှည့် ဓမ္မကထိကဆရာတော်အရှင်သူမြတ်တို့က နိုဝင်ဘာ၃ရက် (သောကြာနေ့)ညနေ ၆ နာရီတွင် အကြိုတရားပွဲကို စတင်ကျင်းပ၍ နိုဝင်ဘာ ၄ ရက် (စနေနေ့)မွန်းတည့်၁၂နာရီတွင် ကထိန်သင်္ကန်းများကို ကပ်လှူပူဇော်ပြီး မွန်းလွဲ ၁နာရီတွင် မင်္ဂလာလိပ်ဖိုလ်ဝင် နိဗ္ဗာန်မြင် တရားတော်တို့ကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ညီလာခံနားရက် ကန်တော်ကြီးသဘာဝဥယျာဉ်သို့ သွားရောက်လေ့လာ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့တွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးသဘာဝဥယျာဉ်သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ကြိုဆိုနှုတ်ဆက်

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ ဗိုလ်မှူးမြင့်ထွန်းနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၆နာရီတွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင် စခန်းမှထွက်ခွာလာကြပြီး နံနက် ၇နာရီတွင် ကန်တော်ကြီးသဘာဝဥယျာဉ်သို့ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန ဌာနမှူးဦးညွန့်ဖေနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ဌာနမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကန်တော်ကြီးသဘာဝ ဥယျာဉ်အကြောင်း သိကောင်းစရာများကို ပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ကန်တော်ကြီး သဘာဝဥယျာဉ်၊ ရွှေတံတားပန်းဥယျာဉ်ရှိ ကန်တော်ကြီး ရေကူးကန်နှင့် အပန်းဖြေစခန်းသို့လည်းကောင်း၊ စိုက်ပျိုးရေးနှင့်ငါးပြတိုက်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးပြတိုက် ပြကွက်များ၊ ပန်းမန်ပြကွက်၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ပရဆေးပြကွက် နှင့်ကန်တော်ကြီးရေချို ငါးဥယျာဉ်သို့လည်းကောင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ကန်တော်ကြီး သဘာဝဥယျာဉ်ရှိ ကရဝိက်ဥယျာဉ်ကမ္ဘာသို့ရောက်ရှိကြရာ အမျိုးသားညီလာခံကိုယ်စားလှယ်ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကြိုဆိုပြီး ကရဝိက်နန်းတော်ခန်းမအတွင်း၌ ဇေကမ္ဘာကုမ္ပဏီအကြောင်း သိကောင်းစရာများနှင့်ဥယျာဉ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ပရိဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ကရဝိက်ဥယျာဉ် ကမ္ဘာအတွင်းလှည့်လည်ကြည့်ရှုလေ့လာကြပြီး ဇေကမ္ဘာကုမ္ပဏီ၏ စီစဉ်မှုဖြင့် ဥယျာဉ်အတွင်းရှိ စားသောက်ဆိုင်များ၌ ကြိုက်နှစ်သက်ရာ စားသောက်ဖွယ်များကိုသုံးဆောင်ကြကာ နံနက်၁၁နာရီတွင် ပြန်လည်ထွက်ခွာသွားကြသည်။

ဝတ်ပြုဆုတောင်း

ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲ တွင် ရန်ကုန်တိုင်း အင်းစိန် မြို့နယ် မင်းကြီးလမ်းရှိ ရွာမနှစ်ခြင်း ခရစ်ယာန် အသင်းတော်သို့ သွားရောက်ကြပြီး ဝတ်ပြုဆုတောင်းကြသည်။

(သတင်းစဉ်)

၁၉၇၄-၇၉ခုနှစ် ဥပဒေတွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

၁၉၇၄-၇၉ခုနှစ် ဥပဒေပညာသင်ကြားခဲ့ကြသော ဘွဲ့ရကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၁၂ရက်တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ဦးမြဟန် ဖုန်း-၀၉-၅၁၃၉၅၇၆၊ ဦးမြင့်သိန်း ဖုန်း-၀၁-၃၈၆၅၂၈၊ ဦးခင်မောင်လေး ဖုန်း-၀၉၅၀၀-၅၀၈၁၊ ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၉-၅၁၅၅၉၁၇၊ ဒေါ်သန်းသန်းဝင်း ဖုန်း-၀၉-၅၁၂၇၄၆၀၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၁၀၈၁၇၁ နှင့် ဒေါက်တာတင်မေထွန်း ဖုန်း-၀၉-၅၀၂၀၅၄၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဝါသနာရှင်အဆင့် (ပထမတန်း) သဒ္ဒါသုမနဇာတ်တော် ရုပ်သေးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ ထက်အာကာရုပ်စုံသဘင်အဖွဲ့အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်အေးကျော်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မိန့်ခွန်းပြောကြားပြီး ဆုများချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၉

မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရန်၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်နှင့် စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန် ဟူသည့် ဦးတည်ချက်(၇)ရပ်ဖြင့် အောက်တိုဘာ ၁၅ရက်မှ ၂၆ရက်အထိ ၁၂ရက် တိုင်တိုင် နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် စည်ကားသိုက်မြိုက်စွာ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)ခန်းမဆောင်၌ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးလှဝင်း၊ ဒေါ်သီတာဆွေနှင့် ဒေါ်ကေခိုင်ဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

မိန့်ခွန်းပြောကြား

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားသည်။

[အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။]

ဝါသနာရှင်အဆင့်

မဟာဂီတအဆိုပြိုင်ပွဲ

ထို့နောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ ဦးကိုကိုနိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ရန်ကုန်သန်းဆွေ၊ တတိယဆုရရှိကြသည့် မွန်ပြည်နယ်မှ ဦးမင်းဟန်နှင့် တနင်္သာရီတိုင်းမှ ဦးဟန်စိုးတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်၊ ဒုတိယဆုရ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဦးစောဝင်းနှင့် အထူးဆုရ မန္တလေးတိုင်းမှ ဦးပြေဌေး တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုးနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင် တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုး၊ ဒုတိယဆုရ ကရင်ပြည်နယ်မှ မောင်စောဝင်းကိုနိုင်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ မောင်အေးကျော်နှင့် ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ တတိယဆုရရှိကြသည့် ရှမ်းပြည်နယ်မှ မောင်အာကာငြိမ်းချမ်းနှင့် မန္တလေးတိုင်းမှ မောင်လှမျိုးဇော်၊ အထူးဆုရရှိသည့် ကရင်ပြည်နယ်မှ မောင်စောဂျွန်စတိုင်းတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဦး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်းနှင့် အထူးဆုရ ရခိုင်ပြည်နယ်မှ မောင်ခိုင်ဖြိုးလင်းတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်သန်းသန်းငြိမ်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဝါဝါရွှေ၊ တတိယဆုရ မန္တလေးတိုင်းမှ မြန်မာမလေးဒေါ်သပြေနှင့် အထူးဆုရ ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဒေါ်သန်းသန်းဝင်း၊ တတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ချယ်ရီဝင်းနှင့် အထူးဆုရ တနင်္သာရီတိုင်းမှ ဒေါ်ကေခိုင် တို့အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆင့်မြင့်ပညာအဆင့်အဆိုပြိုင်ပွဲ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အဆင့်မြင့်ပညာ အဆင့်အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မထက်ထက်မော်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မခင်သက်စု၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်း (ခ)မဖြူစင်သူ၊ ဒုတိယဆုရ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ တတိယဆုရ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး မဟာဂီတ အဆို ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနှင်းအေးဝေနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီးမဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရှမ်းပြည်နယ်မှ စန်းနီလာငြိမ်း၊ ဒုတိယဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ မပြည့်ပြည့်ဖြိုးနှင့် မန္တလေးတိုင်းမှ မနှင်းထက်ထက်လွင်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မသင်းသီတာအောင်၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား ခေတ်ဟောင်း၊ ကာလပေါ်အဆို ပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဦးရဲထိုက်၊ ဒုတိယဆုရ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဦးဇော်မင်းထွန်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားခေတ်ဟောင်း၊ ကာလပေါ်အဆို ပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ မောင်ပြည့်ဖြိုးလင်း၊ တတိယဆုရ မွန်ပြည်နယ်မှ မောင်မင်းခင်မောင်ဇော်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ခေတ်ဟောင်း၊ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မင်းဇေယျာပြည့်ဖြိုး၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်ကိုသက်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသား ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုး၊ ဒုတိယဆုရ ရှမ်းပြည်နယ်မှ မောင်ဇော်ထက်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသားခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မောင်နိုင်လင်းအောင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်သီဟဇော်၊ တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုးနှင့် ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်နှင့် အထူးဆုရ မွန်ပြည်နယ်မှ မောင်သိန်းမင်းဦး၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်မှ အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဦး၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်ဆန်းဝင်းအောင်၊ တတိယဆုရ မွန်ပြည်နယ်မှ မောင်ချစ်မင်းဇော်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၅ ကော်လံ ၁

စာမျက်နှာ ၄ မှ

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မယဉ်ယဉ်ထွန်း၊ ဒုတိယဆုရရှိကြသည့် မန္တလေးတိုင်းမှ ဒေါ်ဆွေဆွေအောင်နှင့် နယ်မှ မခင်သက်စု၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မမို့မို့သူဇာနှင့် တတိယဆုရ ကယားပြည်နယ်မှ မသီရိဆုဝေ၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်း(ခ)မဖြူစင်သူ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ တတိယဆုရ ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်နှင့် အထူးဆုရ ချင်းပြည်နယ်မှ မတီာလ်တလဲမ်၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဒေါ်ရွှေစင်လှိုင်၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်မေသက်ရှင်း၊ ဒုတိယဆုရရှိကြသည့် ဧရာဝတီတိုင်းမှ ဒေါ်ချောစုစံနှင့် ရခိုင်ပြည်နယ်မှ ဒေါ်သန်းသန်းဝင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ပွင့်စပယ်နှင့် အထူးဆုရ ကချင်ပြည်နယ်မှ ဒေါ်အယ်လ်နန်စိန်၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် မန္တလေးတိုင်းမှ မသော်တာချမ်းမြေ့နှင့် ရခိုင်ပြည်နယ်မှ မဉမ္မာမွန်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မမေသဇင်မြင့်၊ တတိယဆုရ မန္တလေးတိုင်းမှ မခင်စံပယ်နှင့် အထူးဆုရ ကယားပြည်နယ်မှ မနော်ဖူးမယ်၊ အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ၌ ပထမဆုရ ချင်းပြည်နယ်မှ မဗန်ရွှေမွေး၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မမေသဇင်၊ တတိယဆုရ ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်းနှင့် အထူးဆုရ တနင်္သာရီတိုင်းမှ မနော်သီတာခိုင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀) နှစ် အမျိုးသမီးခေတ်ဟောင်း ကာလပေါ် အဆိုပြိုင်ပွဲ၌ အကောင်းဆုံး ထူးချွန်ဆုရရှိသူ ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်း(ခ)မဖြူစင်သူက ရွှေပြည်အေးရေးစပ်ပြီး ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မြင့်မြင့်ခင် သီဆိုသည့် 'မြစ်ကြီးဧရာဝတီ'သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းမှ ဦးရဲထိုက်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဝါသနာရှင်အကပြိုင်ပွဲ

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးမင်းနိုင်စိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်အောင်(ခ)အောင်မိုးဝင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဦးဝင်းသန်း(ခ)ရဲဝင်းနိုင်၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားအကပြိုင်ပွဲ၌ ပံ့ပိုးဆိုင်းအဖွဲ့ပထမဆုရ မွန်ပြည်နယ်မှ ဦးမင်းနိုင်စိုးပံ့ပိုးဆိုင်းအဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်အောင်(ခ)အောင်မိုးဝင်း ပံ့ပိုးဆိုင်းအဖွဲ့နှင့်တတိယဆုရရန်ကုန်တိုင်းမှ ဦးဝင်းသန်း(ခ)ရဲဝင်းနိုင် ပံ့ပိုးဆိုင်းအဖွဲ့၊ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားအကပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်နိုင်လင်းနှင့် ကရင်ပြည်နယ်မှ ဦးညီညီယဉ်ထွေး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကိုလတ်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးအောင်နိုင်လင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဉာဏ်လင်းမောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်းနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်နိုင်လင်းဦး၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ ကရင်ပြည်နယ်မှ မြိုင်ကြီးငှစောထက်ရှိုင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်သန့်ဇင်ထွန်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်အောင်၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ဖြိုးသီဟကျော်(ခ)ဖြိုးဖြိုးနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မောင်ပြည်သိမ်းကျော်၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ ကရင်ပြည်နယ်မှ မောင်စောသူရိန်ထွန်း(ခ)အာတူ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ထွန်းမင်း၊ တတိယဆုရ မွန်ပြည်နယ်မှ မောင်ကျော်မျိုးသန့်နှင့် အထူးဆုရ ရှမ်းပြည်နယ်မှ မောင်ခွန်အောင်ပိုင်ဖြိုးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးအကပြိုင်ပွဲ

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယကအဖွဲ့ဝင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး အကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ချောစုမျိုး၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မဘိုမနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မဖြူနှင်းဆီ(ခ)ဖြူဖြူ၊ ဝါသနာရှင်အဆင့် အမျိုးသမီး အကပြိုင်ပွဲ၌ ပံ့ပိုးဆိုင်းအဖွဲ့ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ချောစုမျိုး ပံ့ပိုးဆိုင်းအဖွဲ့၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မဘိုမပံ့ပိုးဆိုင်းအဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ဖြူနှင်းဆီ(ခ)ဖြူဖြူ ပံ့ပိုးဆိုင်းအဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးအကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဟန်နွေငြိမ်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်သက်ထားဇင်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မဝင့်ဝါခိုင်၊ အထူးဆုရ ကရင်ပြည်နယ်မှ ဒေါ်နန်းဝါဝါဝင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအေးလှဲ့ဝါဝါအောင်၊ ဒုတိယဆုများ ရရှိသည့် ရန်ကုန်တိုင်းမှ မမေလှဲ့နှောင်းနှင့် တနင်္သာရီတိုင်းမှ မခင်မို့မို့အောင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မမေကိုကို၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသမီး အကပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းမှ မကြည်နူးပွင့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအိန္ဒြေကျော်၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ မဝါဝါဝင်းမြင့်နှင့် အထူးဆုရ ကရင်ပြည်နယ်မှ မြိုင်ကြီးငှနန်းမိအေး၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသမီး အကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မစုပိုပိုအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအိရွှေစင်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မအေးချမ်းမြေ့နှင့် အထူးဆု ရရှိကြသော ရှမ်းပြည်နယ်မှ မနှင်းနှင်းအေးနှင့် ကယားပြည်နယ်မှ မဝေဖူးသိမ့်၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသမီးအကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ ရွှေရည်ရတနာ၊ တတိယဆုရရှိကြသည့် ရှမ်းပြည်နယ်မှ မသင်းနန္ဒာနိုင်(ခ)ဖောင်းဖောင်းနှင့် ပဲခူးတိုင်းမှ မမေမြတ်သွယ်၊ ဝါသနာရှင်(ဒုတိယတန်း)ဇော်၊ ဘီလူး၊ မင်းသားအကရုပ်သေးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသန္တာဌေး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကိုလတ်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ရဲညီညီတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်မေသက်ရှင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသားအကပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ် မြိုင်ကြီးငှစောထက်ရှိုင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရုပ်သေးပြိုင်ပွဲ

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဝါသနာရှင်အဆင့် (ပထမတန်း)သဒ္ဒါသုမနဇာတ်တော် ရုပ်သေးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ထက်အာကာရုပ်စုံသဘင်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ အောင်စည်တော်ရုပ်စုံသဘင်အဖွဲ့နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့တို့အား လည်းကောင်း၊ ရုပ်သေးပြိုင်ပွဲ၌ ကြိုးဆွဲထူးချွန်ဆု၊ ဆိုင်ပြောထူးချွန် ဆုနှင့် ဆိုင်းထူးချွန်ဆု အသီးသီး ရရှိသည့် ရန်ကုန်တိုင်းမှ ထက်အာကာ ရုပ်စုံသဘင်အဖွဲ့နှင့် ဇာတ်ညွှန်း ထူးချွန်ဆုရ ဧရာလှိုင်း ရုပ်စုံသဘင် အဖွဲ့မှ ဦးကိုကိုကြီး(ဟသ်ာတ)အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) ဝေဿန္တရာ ဇာတ်တော်ကြီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မိုးမင်းနှင့်အဖွဲ့၊ ဒုတိယဆုရ မောင်ဉာဏ်ဝင်းနှင့်အဖွဲ့၊ တတိယဆုများ ရရှိကြသည့် စစ်ကိုင်းတိုင်းမှ မောင်မျိုးသူနှင့်အဖွဲ့နှင့် မကွေးတိုင်းမှ မောင်ကျော်စိုးမင်းနှင့် အဖွဲ့တို့အား လည်းကောင်း၊ ဇာတ်တော်ကြီးပြိုင်ပွဲ၌ သရုပ်ဆောင်ထူးချွန်ဆုများ ရရှိခဲ့ကြသော ဝေဿန္တရာမင်းကြီးအဖြစ် သရုပ်ဆောင်သည့် ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်း၊ မဒ္ဒီဒေဝီ အဖြစ် သရုပ်ဆောင်သည့် ရန်ကုန်တိုင်းမှ မခိုင်သဇင်သင်း၊ ဇာလီအဖြစ် သရုပ်ဆောင်သည့် မန္တလေးတိုင်းမှ မောင်စိုးမင်းအောင်(ခ)စီးဖိန်၊ ကဏှာစိန်အဖြစ် သရုပ်ဆောင်သည့် မန္တလေးတိုင်းမှ မဖူးဝေသာ၊ ဇူဇကာအဖြစ်သရုပ်ဆောင်

စာမျက်နှာ ၆ ကော်လံ ၁ သို့

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကျင်းပရေးဦးစီးကော်မတီ နာယကအဖွဲ့ဝင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးအကပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မဟန်နွေငြိမ်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကျင်းပရေးဦးစီးကော်မတီနာယကအဖွဲ့ဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဝါသနာရှင်အဆင့်(ဒုတိယတန်း)အရေး ပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မင်းအောင်ထူးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးမှူး ရွှေပြည်သာ ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြည်သူ့ဆေးရုံ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေး စုပေါင်းဆောင်ရွက်မှုနှင့် ဆေးပဒေသာပင်အတွက် ငွေလှူဒါန်းပွဲကို ယနေ့နံနက် ၆နာရီခွဲက အဆိုပါဆေးရုံ၌ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရွှေပြည်သာမြို့နယ် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်လှမြင့်က ဆေးရုံဝင်းအတွင်း သန့်ရှင်းမှုရှိစေရေးနှင့် စိမ်းလန်းစိုပြည်သာယာလှပစေရေးတို့အတွက် ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များလှည်းကျင်းသိမ်းဆည်းခြင်းနှင့်ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ဆေးရုံဝင်းအတွင်း၌ ကျင်းပသော စုပေါင်းခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေး၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာများ၌ အမှတ်တရ စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆေးပဒေသာပင်ငွေလှူ

ထို့နောက် ရွှေပြည်သာမြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင်ငွေလှူဒါန်းပွဲကိုကျင်းပရာ ရှေးဦးစွာမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင်အတွက် ငွေလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုယ်စား အဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဒေါ်ကြူကြူတို့က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ(အငြိမ်းစား)–ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)တို့အား အမှူးထား၍ မြတ်လေးရုံ မိသားစုက ငွေကျပ်တစ်သိန်း၊ ရွှေသဇင်ကုမ္ပဏီလီမိတက် (ရွှေပြည်သာစက်မှုဇုန် ၁)က ငွေကျပ် ၁၀သိန်း၊ ဦးရှောင်စန်း(ကရောင်းဝယ် ဝိုင်ယာကြိုးစက်ရုံ ရွှေပြည်သာစက်မှုဇုန်)က ငွေကျပ်ငါးသိန်း ငါးသောင်း၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီ၊ ရွှေပြည်သာ စက်မှုဇုန်အပိုင်း (၂/၃/၄) စီမံခန့်ခွဲရေးကော်မတီ၊ ဦးမောင်သောင်း (ရန်ကုန်ဂျစ်မော်တော်ယာဉ် ထုတ်လုပ်ရေး စက်မှုဇုန် ၃)နှင့် ဦးအောင်သိန်း (ဂျမ်ဘိုခြင်ဆေးခွေ) တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးကောင်းမြတ် (ရှန်ဟဲစက်ရုံ စက်မှုဇုန် ၁)နှင့် ဦးဟန်ငြိမ်း–ဒေါ်အေးနွဲ့တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမင်းအောင်(PMG Co., Ltd.)၊ ဦးကျော်ဝင်း (ရွှေအိုးစက်ရုံ)၊ ရွှေပြည်သာမြို့နယ်ဆန်၊ဆီ ကုန်သည်ကြီးများအသင်းနှင့် မစ္စတာယိစ်(ခိုင်ခိုင်ဂရု ကုမ္ပဏီ)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် ငွေကျပ် ၄၅၅၀၀၀၀၊ ဦးမောင်သောင်း (ရန်ကုန်ထရန်စဖော်မာ) စက်မှုဇုန်(၁) ရွှေပြည်သာမြို့နယ်က ငွေကျပ် ၅၁၂၀၀၀၀တန်ဖိုးရှိ (၅၀)ကေဗွီထရန်စဖော်မာ ဆက်စပ်ပစ္စည်းများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သန့်ရှင်းရေးသုံး အထောက်အကူပြု ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ဆေးရုံအုပ် ဒေါက်တာဒေါ်ခင်လှမြင့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅မှ

သည့် ရန်ကုန်တိုင်းမှ ကိုတင်ရွှေ၊ ဇာတ်ပို့ဆိုင်းထူးချွန်ဆုရ ရန်ကုန်တိုင်းမှ သီရိမောင်မောင်ဆိုင်းအဖွဲ့နှင့် ဇာတ်ညွှန်းထူးချွန်ဆုရ စစ်ကိုင်းတိုင်း ဇာတ်အဖွဲ့မှ ဦးငွေး(မုံရွာ)တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသား အကပြိုင်ပွဲ၌ အကောင်းဆုံး ထူးချွန်ဆုရ ကရင်ပြည်နယ်မှ မောင်သူရိန်ထွန်း(ခ) အာတူက ဖျော်ဖြေတင်ဆက် ကပြသည်။

ဝါသနာရှင်အရေးပြိုင်ပွဲ

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက အဖွဲ့ဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဝါသနာရှင်အဆင့်(ပထမတန်း)အရေးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးမိုးခင်ကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးတင့်ခိုင်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ ဒေါ်မူမူဆွေ၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အရေးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မင်းအောင်ထူး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ဥမ္မာမြတ်နှင့် တတိယဆုများရရှိကြသည့် ရှမ်းပြည်နယ်မှ ဦးလှကြိုင်နှင့် မကွေးတိုင်းမှ ဦးသိုက်ထွန်း၊ အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲတွင် ပထမဆုရ ကယားပြည်နယ်မှ မောင်စိုးရာဇာဝင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမိုးမိုးယဉ်မင်းနှင့် တတိယဆုများရရှိကြသည့် စစ်ကိုင်းတိုင်းမှ မခင်လေးဝင်းနှင့် ကရင်ပြည်နယ်မှ ဦးညီညီဟိန်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အရေးပြိုင်ပွဲအဆင့်မြင့် ပညာအဆင့်တွင် အကောင်းဆုံး ထူးချွန်ဆုရ ကရင်ပြည်နယ်မှ မောင်စိုးရာဇာဝင်း ရေးစပ်သီကုံးသည့် 'ပွင့်သစ်စပန်းလန်းလေပြီ' သီချင်းကို တေးသံရှင်တစ်ဦးက ဖျော်ဖြေသီဆိုသည်။

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ မြန်မာဂီတာအတီးပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲ၊ ဒုံမင်းအတီးပြိုင်ပွဲ၊ နဲပြိုင်ပွဲ၊ တယောပြိုင်ပွဲ၊ ဆိုင်းအတီးပြိုင်ပွဲ၊ အိုးစည်အတီးပြိုင်ပွဲ၊ ဒိုးပတ်အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နံနက် ၁၁နာရီ မိနစ် ၅၀တွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(အဆိုပါဆုချီးမြှင့်သည့် သတင်းကို အောက်တိုဘာ၃၁ရက်နှင့်နိုဝင်ဘာ ၁ရက်တို့တွင် ဆက်လက်ဖော်ပြသွားပါမည်။) (သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအောင်မြင်စွာကျင်းပပြီးစီး ကျောက်စိမ်း၊ကျောက်မျက်နှင့်ပုလဲအတွဲပေါင်း ၂၈၄၃တွဲရောင်းချရ ပြည်တွင်းပြည်ပရတနာကုန်သည်၃၂၃၃ဦးတက်ရောက်ဝယ်ယူ

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယကများဖြစ်ကြသည့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကိုကြည့်ရှုအားပေးပြီး ကျောက်စိမ်းအတွဲများကို တန်ဖိုးအများဆုံးပေးဝယ်သူ ရတနာကုန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Mr.Qiu Shao Ji အား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှတ်တရဆုတံဆိပ်နှင့် ပန်းချီကားချပ်ကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြန်မာတကောင်းကျောက်မျက်ကုမ္ပဏီမှ ကျောက်စိမ်းအများဆုံးဝယ်ယူသူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Mr.Qiu Shao Ji အား ငွေဖလားတစ်လုံးကိုလည်းကောင်း၊ ထွန်းနိုင်အောင် ကျောက်မျက်ကုမ္ပဏီမှ ကျောက်စိမ်းအများဆုံးဝယ်ယူသူ Mr.Qiu Shao Ji အား ငွေပန်းချီကားချပ်နှင့် ငွေစောင်းကိုလည်းကောင်း ချီးမြှင့်သည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲရောင်းချပွဲ အစီအစဉ်အရ ယနေ့နံနက် ၉နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ညနေ၆နာရီ၄၅မိနစ်တွင် ကျောက်စိမ်းအတွဲပေါင်း ၅၈တွဲကို ပြည်တွင်း ပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။

အပြိုင်အဆိုင်ဝယ်ယူ

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို ၂၀၀၆ခုနှစ် အောက်တိုဘာ၁၉ရက်မှ ၂၉ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ယနေ့ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ရောင်းချခဲ့ရ

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ အောက်တိုဘာ၁၉ရက်မှ ၂၁ရက်အထိ ပုလဲအတွဲပေါင်း ၁၃၅တွဲကိုလည်းကောင်း၊ အောက်တိုဘာ၂၂ရက်တွင် ကျောက်မျက်အတွဲပေါင်း ၄၀ကိုလည်းကောင်း၊ အောက်တိုဘာ၂၃ရက်မှ ၂၉ရက်အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၂၆၆၈တွဲကိုလည်းကောင်း ပြည်တွင်းပြည်ပ ရတနာကုန်သည်များက တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ဝယ်ယူကြရာ ကျောက်စိမ်းကျောက်မျက်နှင့် ပုလဲအတွဲ စုစုပေါင်း ၂၈၄၃တွဲကို ရောင်းချခဲ့ရသည်။

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၂နိုင်ငံ၊ ကုမ္ပဏီ၄၈၈ခုမှ ရတနာကုန်သည် ၁၈၉၄ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၅၁၂ခုမှ နိုင်ငံသားရတနာကုန်သည် ၁၃၃၉ဦး စုစုပေါင်း ရတနာကုန်သည် ၃၂၃၃ဦး တက်ရောက်ဝယ်ယူခဲ့ကြသည်။

ယခုနှစ်လယ် ရတနာရောင်းချပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့်ပုလဲအတွဲများသည် အရေအတွက် ပိုမိုများပြားစွာ တင်ပြရောင်းချနိုင်ခဲ့သဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပ ရတနာကုန်သည်များမှာလည်း ခန့်မှန်းသည်ထက် ပိုမိုတက်ရောက် ဝယ်ယူခဲ့သည့်အတွက်လည်းကောင်း ပြီးစီးခဲ့သော မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲများထက် စံချိန်တင်ရောင်းချနိုင်ခဲ့သည်ဟု သိရသည်။

(သတင်းစဉ်)

အောက်တိုဘာ၂၂ရက်က အင်းစိန်စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်ဓာတ်အားပေးဌာန)မှ အငြိမ်းစားဆရာကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ကျောင်းသားဟောင်းများက ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

အောက်တိုဘာ၂၉ရက်က ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အင်းစိန်မြို့နယ် မင်းကြီးလမ်းရှိ ရှာမနစ်ခြင်း ခရစ်ယာန်အသင်းတော်တွင် ဝတ်ပြုဆုတောင်းကြစဉ်။ (သတင်း–၃) (သတင်းစဉ်)

မန္တလေးမြို့ ရှေ့နေများမိသားစု မဟာဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

အကြိမ်(၂၀)မြောက် မန္တလေးမြို့ ရှေ့နေများ၏ မိသားစုမဟာဘုံကထိန်ပွဲကို ရှမ်းပြည်နယ် လားရှိုးမြို့ မြို့လယ် ပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဦးစန္ဒိမာ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက၏ ကျောင်းတွင်သံဃာတော်နှင့် သာမဏေ စုစုပေါင်း၂၀၁ပါးတို့အား ကထိန်သင်္ကန်း၂၀၁စုံ၊ ရာသက်ပန် ဆွမ်းပဒေသာပင် အလှူငွေကျပ်သိန်း၃၀နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို နိုဝင်ဘာ၄ရက် နံနက်၉နာရီတွင် ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မိသားစုမဟာဘုံကထိန်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် အောက်တိုဘာ၂၈ရက်နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ပထမအကြိမ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပျဉ်းမနားမြို့ လဲလူးအိုင်ရပ် သံလမ်းကျောင်းတိုက် ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များကြွရောက်တော်မူကြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဝန်ကြီးဌာနလက်အောက်ရှိဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ရုံးအဖွဲ့မှူးနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သံလမ်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့ကလည်းကောင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့်ဦးဖေသန်းတို့ကလည်းကောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက လည်းကောင်း ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် သံလမ်းကျောင်းတိုက် မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ (တိုင်းဝန်ဆောင်) ဆရာတော် ဘဒ္ဒန္တဉာဏဝံသထံမှ ကထိန်အနုမောဒနာတရားနှင့် ရေစက်ချ ပရိတ်တရားတော်များ နာယူကြပြီး လှူဒါန်းမှုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာမဏေကျော် မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၉

ပဲခူးမြို့ ဥသာမြို့သစ် သာမဏေကျော် ပရိယတ္တိ စာသင်တိုက်နှင့် သာမဏေကျော် စာသင်တိုက်ခွဲများ၏ ဦးစီးနာယကပဓာနဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာဘိဝံသ [သ-စ-သ-အ ဓမ္မာစရိယ၊ B.A Myanmar (Q)] မထေရ်မြတ်ကို အမှူးထား၍ သံဃာတော်အရှင်မြတ် ၃၅၀ကျော်အား (၁၃) ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃၀ရက် နံနက်၈နာရီတွင် အဆိုပါ စာသင်တိုက် စွန်ညီနောင် စွန်မင်း ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ပြီး အထူးတရားပွဲကို ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ မထေရ်မြတ်ကလည်းကောင်း ည၇နာရီ၌ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၃) အထူးထုတ်စာစောင် ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၃)ကို ဖက်ရှင်နှင့် အလှအပ ရေးရာအထူးကဏ္ဍအဖြစ် စာမျက်နှာတိုး၍ ထုတ်ဝေလိုက်သည်။

ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အခန်းဆက်ကိုရီးယား ခရီးသွားဆောင်းပါး 'ကေဘီအက်စ်မှ ကေဘီအိုင်သို့'၊ ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးရာတွင် အမှတ်ပေးတိုင်းတာမည့်စနစ်သစ် အသုံးပြုတော့မည်၊ ဂျပန်နိုင်ငံ Chibaနည်းပညာတက္ကသိုလ်က မြန်မာကျောင်းသား ၅၀၀ခေါ်ယူမည်၊ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းသေအပ်ငွေများ ပိုမိုလက်ခံမည်စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေသည်။

'သို့---ဘင်နီတက်ဖ်' အားကစားသတင်းဆောင်းပါးနှင့်အတူ အိပ်ချ်အိုင်ဗွီ မရှိဘဲရှိသည်ဟုရလဒ်မှား ပြောကြားခဲ့ခြင်းအပေါ် ပြန်လည်တရားစွဲဆိုခွင့်ရ၊ အကျင့်ပျက်လာဘ်စားမှုကို ပြင်းပြင်းထန်ထန်တိုက်ဖျက်သွားမည်ဟု တရုတ်သမ္မတဟူကျင်တောင်ပြော၊ အာရှလုံခြုံရေးဆိုင်ရာ ပါရဂူပါမောက္ခ ယန်စူးတောင်နှင့်အင်တာဗျူးစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့်ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာ ဆရာတော်သည် နိုဝင်ဘာ ၅ရက် ညတွင် သုံးခွမြို့ ရှစ်မျက်နှာဘုရားတွင်လည်းကောင်း၊ ၈/၉ရက် ညများတွင် ရွှေပြည်သာမြို့ ရတနာသီရိလမ်းနှင့် မြဝတ်ရည်လမ်းဆုံ ၃၂/၃၃ (၁၀)ရပ်ကွက်တွင် လည်းကောင်း၊ ၁၀ရက်ညတွင် သာကေတမြို့ ၂/မြောက် ထူပါရုံလမ်း ၂၀အနောက်တွင် လည်းကောင်း၊ ၁၁ ရက် ည ၇နာရီ၌ လှိုင်သာယာမြို့ (၁၆)ရပ်ကွက် သာစည်လမ်းတွင်လည်းကောင်း၊ ၁၁ရက် ည၉နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ချင်းချောင်းရပ်ကွက်တွင် လည်းကောင်း၊ ၁၂ရက် ည၌ လှိုင်သာယာမြို့ (၁၆)ရပ်ကွက် သာစည်လမ်းတွင်လည်းကောင်း၊ ၁၄ရက်ညတွင် ကမာရွတ်မြို့နယ် လှည်းတန်း အမှတ်(၃)ရပ်ကွက် လှည်းတန်း ပေ ၅၀လမ်းတွင် လည်းကောင်း နိဗ္ဗာန်လမ်းပြ တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်ပြိုင်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၉

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ၂၀၀၆ခုနှစ်အတွက် ဓာတ်ပုံပြိုင်ပွဲကို **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ခဲ့ရာ အောက်တိုဘာ ၃၁ရက်သည် နောက်ဆုံးပေးပို့ရက် ဖြစ်သည်။ သို့ပါ၍ ပြိုင်ပွဲဝင်လိုသူများသည် အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ အချိန်မီ ပေးပို့နိုင်ရန် နောက်ဆုံးအကြိမ် နှိုးဆော်ထားသည်။

(သတင်းစဉ်)

နေပြည်တော် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ လက်ခုပ်သံများ၊ အောင်မြင်မှုအပြုံးများဖြင့် ဖုံးလွှမ်း

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၉

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ဆုရရှိခဲ့သူများကို နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ခန်းမဆောင်၌ ယနေ့ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည်။

လက်ခုပ်သံများ

ဆုချီးမြှင့်ပွဲ အခမ်းအနားကို (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ဆုရရှိခဲ့သော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ပေးခဲ့ရာ ခန်းမဆောင်ကြီးတစ်ခုလုံး လက်ခုပ်သံများ၊ အောင်မြင်မှုအပြုံးများဖြင့် ဖုံးလွှမ်းကာ ကြည်နူးဖွယ်ရာ မြင်ကွင်းပင်ဖြစ်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့က ပြည်နယ်နှင့်တိုင်းများမှ ဆုတံဆိပ်ရရှိသူအချို့နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

ပထမဦးစွာ အမျိုးသမီး(၅-၁၀)နှစ် အဆိုပြိုင်ပွဲ၌ ပထမရွှေတံဆိပ်ဆုရရှိသည့် ချင်းပြည်နယ်မှ မဗန်ရွှေမွေးအား မေးမြန်းရာ "ပြိုင်ပွဲဝင်တာ သုံးကြိမ်ရှိပြီ၊ အရင်နှစ်တွေက နှစ်သိမ့်ဆုပဲရခဲ့တာ၊ ဒီနှစ်မှ ရွှေတံဆိပ်ရတာ၊ တစ်နေ့ကို သီချင်း လေးပုဒ်လောက် နေ့စဉ် လေ့ကျင့်ခဲ့ရတော့ ရွှေတံဆိပ်လိုချင်နေတာ၊ အခုရတော့ အရမ်းပျော်တာပဲ၊ အဆိုသင်ပေးတဲ့ ဆရာမက ဒေါ်ထားပါ၊ သမီးက ထန်တလန်မြို့မှာနေပါတယ်၊ ကြီးလာရင် နိုင်ငံကျော် အဆိုတော်ကြီးဖြစ်အောင်ကြိုးစားမယ်" ဟု ချင်းတိုင်းရင်းသူ အသံဝဲဝဲလေးဖြင့် မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

မင်းသားဟန်အပြည့်ဖြင့်

ထို့နောက် ရွှေတံဆိပ်ကို ကိုင်ပြီး ငုံ့ကြည့်နေသော မင်းသားလိုဝတ်ဆင်ထားသူ ကလေးငယ်တစ်ဦးကိုမေးမြန်းရာ "ကျွန်တော့်နာမည်က စောသူရိန်ထွန်း(ခေါ်)အာတူလို့ ခေါ်ပါတယ်။ အမျိုးသား(၅-၁၀)နှစ် အကမှာ ရွှေတံဆိပ်ရရှိတာပါ။ ပထမဆုံးအကြိမ် ဝင်ပြိုင်ပြီး ကရင်ပြည်နယ်အတွက် ပထမဆုံးရွှေတံဆိပ်ဆွတ်ခူးပေးနိုင်လို့ ဝမ်းသာပါတယ်။ အက ဆရာလေး စောထက်ရှိုင်းနဲ့ အကဆရာကြီး ဦးနိုင်မင်းတို့က သားကို သင်ပေးတာပါ။ ကျွန်တော်က ကြီးလာရင် ဓာတ်မင်းသားကြီးလုပ်မှာဗျ" ဟု မင်းသားဟန်အပြည့်ဖြင့် ဖြေကြားသွားသည်။ မောင်စောသူရိန်ထွန်းမှာ ကရင်ပြည်နယ် ဖါးကပင်တောင်ခြေရှိ သစ်ချုရွာတွင်နေထိုင်သူ နှစ်တန်းကျောင်းသားလေးဖြစ်သည်။

တစ်ဖန် အရေး၊ စာသားရေး (သံစဉ်ထည့်)ပြိုင်ပွဲ၌ ကယားပြည်နယ်မှ ရွှေတံဆိပ်ရသူ မောင်စိုးရာဇာဝင်း

"အချိန်ရသမျှ လေ့ကျင့်ခဲ့ရပြီး အခုလို ရွှေတံဆိပ်ရတော့ အရမ်းပျော်ပါတယ်"

မဖူးငုံကျော်
(ရန်ကုန်တိုင်း)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အား ဆုရရှိမှုအပေါ် ခံစားမှုကိုမေးမြန်းရာ "ဝင်ပြိုင်တာ နှစ်ကြိမ်ရှိပါပြီ၊ ဒီနှစ်မှ ရွှေတံဆိပ်ဆုရတာပါ။ မနှစ်က မရပါဘူး၊ ဒီလို ရွှေတံဆိပ်ဆုရလိမ့်မယ်လို့ လုံးဝမမျှော်လင့်ထားပါဘူး၊ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ပေမယ့် လူတော်တွေချည်းပဲ ဆိုတော့ မမှန်းရဲဘူးဖြစ်နေတယ်။ အခုလို ဆုရတော့ ပြောမပြနိုင်အောင် ဝမ်းသာလုံးဆို့နေပါတယ်" ဟု မြန်မာ့အလင်းသို့ပြောကြားသွားသည်။ မောင်စိုးရာဇာဝင်းမှာ "ပွင့်သစ်စ ပန်းလန်းလေပြီ" သီချင်းစာသားရေး (သံစဉ်ထည့်) ရွှေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်ပြီး လွိုင်ကော်မြို့တွင် နေထိုင်သူတစ်ဦး ဖြစ်သည်။

"ကျွန်တော်က ဝေဿန္တရာမင်းကြီးအဖြစ် သရုပ်ဆောင်ခဲ့ပြီး အဖွဲ့ဝင် အင်အား၃၀နဲ့အတူ စုစုစည်းစည်း ယှဉ်ပြိုင်ခဲ့လို့ အခုလို ရွှေတံဆိပ်ရခဲ့ခြင်းဖြစ်ပါတယ်"

ဦးမိုးဝင်း
(ရန်ကုန်တိုင်း)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စုစုစည်းစည်းယှဉ်ပြိုင်ခဲ့

ထို့နောက် ရသေ့တစ်ပါး ကဲ့သို့ ဝတ်ဆင်ထားသော ရန်ကုန်တိုင်း ကိုယ်စားပြု ဇာတ်တော်ကြီးပြိုင်ပွဲဝင် ရွှေတံဆိပ်ဆုရ ဦးမိုးဝင်းနှင့် အဖွဲ့မှ ဦးမိုးဝင်းအား မေးမြန်းရာ "ဒုတိယအကြိမ် ဝင်ပြိုင်တာပါ။ (၁၃)ကြိမ်တုန်းကလည်း ရွှေတံဆိပ်နဲ့ အခု (၁၄)ကြိမ်မှာလည်း ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်က ဝေဿန္တရာမင်းကြီးအဖြစ်သရုပ်ဆောင်ခဲ့ပြီး အဖွဲ့ဝင်အင်အား၃၀နဲ့အတူ စုစုစည်းစည်း ယှဉ်ပြိုင်ခဲ့လို့ အခုလို ရွှေတံဆိပ်ရခဲ့ခြင်းဖြစ်ပါတယ်" ဟု ဖြေကြားသွားသည်။

တစ်ဖန် အမျိုးသမီး(၁၀-၁၅)နှစ် စန္ဒရား အတီးပြိုင်ပွဲ၌ ရန်ကုန်တိုင်း ကိုယ်စားပြုယှဉ်ပြိုင်သူ မဖူးငုံကျော်အား မေးမြန်းရာ "(၁၃) ကြိမ် ပြိုင်ပွဲတုန်းက (၅-၁၀)နှစ်တန်းမှာ ရွှေတံဆိပ်ရခဲ့ပြီး အခု(၁၄)ကြိမ်မှာ (၁၀-၁၅)နှစ်တန်း အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ ရွှေတံဆိပ်ရရှိခြင်း ဖြစ်ပါတယ်။ အချိန်ရသမျှ လေ့ကျင့်ခဲ့ရပြီး အခုလို ရွှေတံဆိပ်ရတော့ အရမ်းပျော်ပါတယ်" ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ဝမ်းသာအားရ

ထို့နောက် (၅-၁၀)နှစ် အမျိုးသမီး အဆိုပြိုင်ပွဲ၌ ဒုတိယငွေတံဆိပ်ရသူ မွန်ပြည်နယ်မှ မမေသဇင်အားမေးမြန်းရာ "ဓာတိက ကျိုက်ထိုမြို့ကပါ။

"ဓာတိက ကျိုက်ထိုမြို့ကပါ။ ပထမဆုံးအကြိမ် ဝင်ပြိုင်တာ ဖြစ်ပြီး ဒုတိယရတော့ သမီးအရမ်း ဝမ်းသာနေတာပေါ့"

မမေသဇင် (မွန်ပြည်နယ်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပထမဆုံးအကြိမ် ဝင်ပြိုင်တာဖြစ်ပြီး ဒုတိယရတော့ သမီးအရမ်းဝမ်းသာနေတာပေါ့။ နောက်နှစ်ရွှေတံဆိပ်ရအောင် ကြိုးစားသွားမယ်" ဟု ဝမ်းသာအားရဖြင့် ပြောကြားသွားပါကြောင်း။ ။

(မြန်မာ့အလင်း)

(၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်/တိုင်းအလိုက် (ရွှေ၊ ငွေ၊ ကြေး)ရရှိမှု တန်းစီဇယား

စဉ်	ပြည်နယ်/တိုင်း	ရွှေ	ငွေ	ကြေး	အထူးဆု	နှစ်သိမ့်ဆု	စုစုပေါင်း
၁	ရန်ကုန်	၇၇	၆၅	၆၅	-	-	၂၀၇
၂	မန္တလေး	၃၂	၃၂	၃၁	၁	-	၉၆
၃	ဧရာဝတီ	၁၉	၂၅	၄	-	-	၄၈
၄	ပဲခူး	၁၆	၁၁	၇	-	-	၃၄
၅	စစ်ကိုင်း	၁၀	၁၄	၁၀	-	-	၃၄
၆	မွန်	၁၀	၇	၁၁	၁	၂	၃၁
၇	ရခိုင်	၈	၆	၁၃	၂	၉	၃၈
၈	ကချင်	၅	၂	-	၄	၃	၁၄
၉	ကရင်	၃	၂	၂	၃	၇	၁၇
၁၀	ကယား	၃	-	၂	၃	၆	၁၄
၁၁	ရှမ်း	၂	၆	၈	၅	၃	၂၄
၁၂	မကွေး	၁	၁	၈	-	-	၁၀
၁၃	ချင်း	၁	-	-	၂	၃	၆
၁၄	တနင်္သာရီ	-	၅	၂	၂	၁	၁၀
	စုစုပေါင်း	၁၈၇	၁၇၆	၁၆၃	၂၃	၃၄	၅၈၃

မှတ်ချက်။ ။ ဇာတ်သဘင်ဆိုင်ရာထူးချွန်ဆုများကို"ရွှေ"ဟုသတ်မှတ်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မြန်မာ့ကိုယ်ပိုင်မူဟန်ဖြင့် မြန်မာလူမျိုးတို့ကိုယ်တိုင် မတည်ဆောက်နိုင်စရာအကြောင်းမရှိ

● *ကျော်ဖုံးမှ*

ရင်းရင်းနှီးနှီး နှုတ်ဆက်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံး "နှလုံးစိတ်ဝမ်း ရွှင်လန်းချမ်းမြေ့ကြပါစေ"၊ "မိမိနိုင်ငံ မိမိလူမျိုးရဲ့ အမျိုးသားရေးဂုဏ်သိက္ခာ အစဉ်ထာဝရ မြင့်မားခိုင်မာနေစေရအောင် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်မှုစွမ်းအားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်ကြပါစေ"လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

စွမ်းဆောင်နိုင်ခဲ့

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်မျိုးသားလုံးရဲ့ ပူးပေါင်းပါဝင်မှု စွမ်းအားကောင်းတွေနဲ့ နှစ်စဉ်မပျက် ခြိမ့်ခြိမ့်သဲသဲကျင်းပလာခဲ့ကြရာမှာ ယခု (၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီး အောင်မြင်ပြီးဆုံးသည်အထိ မိမိတို့စွမ်းဆောင်နိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။

ဒါဟာ သမိုင်းအစဉ်အဆက် ပိုင်ဆိုင်လာခဲ့ကြတဲ့ ကိုယ်ပိုင် အမျိုးသားရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ၊ မျိုးရိုးစဉ်လာ ဓလေ့စရိုက်တွေအပေါ် လေးစားမြတ်နိုးမှု၊ ဂုဏ်ယူဝင့်ကြွားမှု၊ တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်နိုင်မှု စွမ်းအားကောင်းတွေကို ဖော်ညွှန်းပြဆိုနေခြင်းပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးဇာတိမာန် ထက်မြက်ခိုင်မာမှုကို ထင်ထင်ရှားရှား ဖော်ထုတ်ပြသနေခြင်းဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ဖန်တီးဖော်ဆောင်ပေး

နိုင်ငံတစ်နိုင်ငံနဲ့ လူမျိုးတစ်မျိုးရဲ့ သမိုင်းအစဉ်အလာ ခိုင်မာဝင့်ထည်မှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါမှုတို့ကို အမျိုးသားစာပေ၊ အမျိုးသားအနုသုခုမပညာတို့က ဖန်တီးဖော်ဆောင်ပေးခြင်းဖြစ်သလို နိုင်ငံနဲ့ လူမျိုးရဲ့ အမျိုးသားရေးစရိုက်လက္ခဏာ၊ အမျိုးသားယဉ်ကျေးမှု အဆင့်အတန်းတို့ကို အဲဒီအမျိုးသားစာပေ၊ အမျိုးသားအနုသုခုမပညာရပ်တို့ကတစ်ဆင့်သာ ဖော်ထုတ်ပြသနိုင်တာ ဖြစ်ပါတယ်။

ဒီလို စာပေစွမ်းအား အနုပညာဖန်တီးနိုင်မှု၊ ခံစားနိုင်မှုစွမ်းအား ပြည့်စုံကြွယ်ဝမြင့်မားတဲ့ လူမျိုးသည်သာလျှင် မိမိနိုင်ငံ မိမိလူမျိုးရဲ့ တိုးတက်ကြီးပွားမှုကို သူတစ်ပါးအားမကိုးဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဖန်တီးစွမ်းဆောင်နိုင်စွမ်းရှိသလို မိမိနိုင်ငံ မိမိလူမျိုးရဲ့ အမျိုးသားရေးအကျိုးစီးပွားကိုပါ အထိပါးအပွန်းအရှမခံ ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိတယ်ဆိုတာကို သမိုင်းကြောင်းသာဓကများက အထင်အရှား သက်သေထူထားပြီး ဖြစ်ပါတယ်။

မိမိတို့ မြန်မာလူမျိုးတွေဟာ နှစ်ပေါင်းထောင်ချီ ရှည်လျားခိုင်မာတဲ့ သမိုင်းစဉ်တစ်လျှောက်မှာ အဆင့်အတန်းမြင့်မားတဲ့ အမျိုးသားရေး ဂုဏ်ရည်တွေဖြစ်တဲ့ အနုပညာရသ သိမြင်ခံစားနိုင်မှု၊ သိမ်မွေ့နက်ရှိုင်းတဲ့ အနုပညာရပ်များ ဖန်တီးနိုင်မှု၊ အနုပညာရသမြောက်အောင် စီခြယ်နိုင်မှု စွမ်းအားကောင်းတွေကို မျိုးဆက် တစ်ဆက်မှတစ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်ရင်း မိမိတို့ရဲ့အမျိုးအနွယ်နဲ့ မိမိတို့နိုင်ငံ အရှည်တည်တံ့ခိုင်ခံ့အောင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်း ဖြစ်ပါတယ်။

သမိုင်းပေးတာဝန်

ဒါကြောင့် ဒီအမျိုးသားရေးစွမ်းအားကောင်းတွေ ဆက်လက် တိုးတက်ထွန်းကားအောင် ကြိုးဆောင်ရင်း မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ အမျိုးသားရေး အကျိုးစီးပွား ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်ရေးတို့အတွက် ဒီစွမ်းအားကောင်းတွေကို နောင်မျိုးရိုးစဉ်ဆက်တိုင် အမြတ်တနိုး ထိန်းသိမ်းသယ်ပိုးစွမ်းဆောင် သွားကြရမည်မှာ မိမိတို့ မျက်မှောက်ခေတ် နိုင်ငံသူနိုင်ငံသားတွေရဲ့ သမိုင်းပေးတာဝန်ပဲဖြစ်ပါတယ်။

ဝံသာနုရက္ခိတခေါ်တဲ့ အမျိုးစောင့်တရားကို အခြေခံတဲ့ ဒီအမျိုးသားရေးတာဝန်ကြီးကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကတစ်ဆင့် မိမိတို့ အောင်အောင်မြင်မြင်နဲ့ ကြိုးပမ်းဖော်ဆောင်ပေးနိုင်လျက်ရှိတာဟာလည်း တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ပဲ ဖြစ်ပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများဟာ အဆင့်အတန်းမြင့်မားပြီး အရည်အသွေးပြည့်ဝခံ့ထည်တဲ့ မြန်မာ့အနုသုခုမပညာရပ်များရဲ့ အခြေခိုင်ခံ့တဲ့သမိုင်းကြောင်းနဲ့ ဂုဏ်ရည်တို့ကို စစ်မှန်စွာ ဖော်ထုတ်ထင်ဟပ်ပြသနိုင်လျက် ရှိပါတယ်။

တည်တံ့ခိုင်ခံ့လျက်ရှိ

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော် ပျူမြို့ပြနိုင်ငံများ ခေတ်ကာလကတည်းက ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် တူရိယာငါးပါး၊ သံစဉ်ခုနစ်ပါးတို့ကို အခြေခံပြီး စတင်လာခဲ့တဲ့ မြန်မာ့ဂီတဟာ ယနေ့တိုင် တည်တံ့ခိုင်ခံ့လျက်ရှိပါတယ်။ ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား စတဲ့ မူဟန်အသွယ်သွယ်နဲ့ ဖွံ့ဖြိုးဝေစည်ခဲ့တဲ့ မြန်မာ့ဂီတ၊ မြန်မာ့သံစဉ်စစ်စစ် မဟာဂီတတေးသီချင်းများဟာ ထီးရိပ်နန်းရိပ်မှာ ပေါက်ဖွားရှင်သန်လာခဲ့တဲ့ သမိုင်းကြောင်းဖြစ်စဉ်အဆင့်ဆင့်ကို ထင်ဟပ်ဖော်ညွှန်းလျက်ရှိပါတယ်။

သံရိုး၊ သံဆန်း စုံလင်ကြွယ်ဝလှတဲ့ မဟာဂီတသီချင်းကြီးများကနေ မဟာဂီတနွယ်တဲ့ ရှေးသံဆန်း တေးသီချင်းတွေ၊ ကိုလိုနီလက်အောက်ကာလ၊ လွတ်လပ်ရေးနေ့ ကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးကာလအဆက်ဆက်မှာ ပေါ်ထွန်းလာခဲ့တဲ့ အငြိမ့်ခေတ်၊ ဓာတ်ပြားခေတ်များက ဇာတိသွေး ဇာတိမာန် စေ့ဆော်တဲ့ တေးသီချင်းတွေ၊ ထီးမူနန်းဟန် မြန်မာ့ဓလေ့ကို တမ်းတဖွဲ့ဆိုတဲ့ တေးသီချင်းတွေ၊ နယ်ချဲ့အလိုတော်ရိတို့ကို သရော်လှောင်ပြောင်တဲ့ တေးသီချင်းတွေနဲ့ မြန်မာလူမျိုးတို့ရဲ့ ဘာသာတရားကိုင်းရှိုင်းမှု အလှူဒါနဒ္ဓ မွေ့လျော်မှုတို့ကို ထင်ဟပ်နေတဲ့ ဓမ္မပူဇာတေးသီချင်းတွေ စတဲ့ အဆင့်ဆင့်ဖြစ်ပေါ်တိုးတက်လာခဲ့တဲ့ တေးသီချင်းတွေဟာ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ မြန်မာ့အနုသုခုမပညာရပ်များရဲ့ သမိုင်းနဲ့ ယှဉ်တွဲတိုးတက်ဖြစ်ပေါ်မှု၊ အပြန်အလှန်အထောက်အကူပြုမှု၊ သမိုင်းပေးတာဝန်ကျေပွန်မှုတို့ကို ဖော်ပြနေပါတယ်။

အကျိုးထူးများရရှိ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများရဲ့ အဆိုပြိုင်ပွဲ၊ အတီးပြိုင်ပွဲများဟာ မဟာဂီတကတစ်ဆင့် အဆင့်ဆင့်ရှင်သန်ထွန်းကားဖြစ်ထွန်းလာခဲ့တဲ့ မြန်မာ့ဂီတရေစီးကြောင်းနဲ့ သမိုင်းတန်ဖိုးတို့ကို ပြည်သူအများ သိမြင်ခံစားထင်ရှားစေရအောင် ပြန်လည်ဖော်ထုတ်နိုင်သည်သာမက တေးသီချင်းအသီးသီးရဲ့ သံစဉ်၊ ဟန်ထား၊ စည်းဝါးဖန်ဖွဲ့ထားမှုတို့ကို မူမှန်ဖြစ်အောင် စိစစ်သန့်စင်ပေးနိုင်ခဲ့တဲ့ အကျိုးထူးကိုလည်း ရရှိစေလျက်ရှိပါတယ်။

အထူးသဖြင့် အဆို၊ အက၊ အရေး၊ အတီးပညာရပ်များရဲ့ အညွှန့်အဖူး အဆီအနှစ်များပေါင်းစည်းဖြစ်တည်ရာ ဇာတ်သဘင်ပညာရပ်ဟာလည်း ပြိုင်ပွဲကြီးများရဲ့ ကျေးဇူးကြောင့် ပြန်လည်တစ်ခေတ်ဆန်းသစ်လာခဲ့သလို ဇာတ်သဘင်ပညာရပ်များမှာ စိမ့်ဝင်စုဝေးနေတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာတွေ၊ မြန်မာ့လူမှုတန်ဖိုး၊ လူမှုကျင့်ဝတ် အယူအဆတွေ၊ မြန်မာ့တွေးခေါ်မြော်မြင်မှု သဘောတရားတွေကို ခေတ်လူငယ်များအကြား ပြန်လည်သိမြင်နိုးကြားလာစေလျက်လည်း ရှိနေပြီဖြစ်ပါတယ်။

ထင်ရှားအောင်တင်ဆက်နိုင်

ယခုနှစ် ဇာတ်သဘင်ပြိုင်ပွဲကြီးမှာဆိုရင်လည်း ဝေဿန္တရာမင်းကြီးရဲ့ လေးစားအတုယူဖွယ် ကြီးမြတ်တဲ့ဂုဏ်ရည်တွေဖြစ်တဲ့ ဒါနပါရမီဖြည့်ဆည်းရာမှာ ပုဂ္ဂိုလ်ရေးသံယောဇဉ် အနှောင်အဖွဲ့တို့ကို စွန့်လွှတ်နိုင်မှု၊ တစ်ဖြောင့်တည်းထားရှိတဲ့ တည်ကြည်ခိုင်ခံ့သော သမာဓိ၊ မြင့်မြတ်သော ကရုဏာ၊ ဖြောင့်မှန်သော စိတ်ထားတို့ကို ပေါ်လွင်အောင် ဖော်ညွှန်းကပြနိုင်ခဲ့ကြသလို မဒ္ဒီဒေဝီမိဖုရားရဲ့ ပါရမီဖြည့်ဖက်ပီသစွာ စွန့်လွှတ်အနစ်နာခံမှု၊ လောကဓံတရားရဲ့ အနိမ့်အမြင့် အကောင်းဆုံးအဖုံဖုံမှာ လင်သားအပေါ် သစ္စာမြဲမြံစွာစောင့်သိမှုတို့ကို ထင်ရှားအောင် တင်ဆက်နိုင်ခဲ့ကြတာ တွေ့ရပါတယ်။

ဒီအသိအလိမ္မာ မင်္ဂလာတရားတွေဟာ မြန်မာလူမျိုးတို့ကို စိတ်နှလုံးကောင်းမွန်မြင့်မြတ်သော၊ သစ္စာကတိ တည်ကြည်သော၊ စာရိတ္တခိုင်ခံ့သော လူမျိုးများဖြစ်လာအောင် စေ့ဆော်ဖန်တီးပေးခဲ့တဲ့ အမွန်အမြတ် အဆုံးအမတရားတွေပဲ ဖြစ်ပါတယ်။

အမွှမ်းတင်ဖွဲ့ဆိုထား

မြန်မာလူမျိုးတို့အပေါ် ဩဇာကြီးမားလှတဲ့ မြန်မာ့ဇာတ်တော်ကြီးများမှာ မိန်းမသားများနဲ့ပတ်သက်ပြီး လောကဓမ္မတာ အကောင်းအဆိုးနှစ်ထွေ မှန်ကန်မျှတစွာ ဖော်ညွှန်းပြဆိုပြီး သွန်သင်ဆုံးမလေ့ရှိတာကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့မြင်နိုင်ပါတယ်။ ဝိဓူရဇာတ်တော်လာ ဣရန္ဓတီ နဂါးမင်းသမီးလို အလိုဆန္ဒကြီးမားတဲ့ မိန်းမသားမျိုး၊ ဆဒ္ဒန်ဆင်မင်းဇာတ်တော်လာ စူဠသုဘဒ္ဒါလို အာဃာတ အမုန်းတရားနှင့် အငြိုးအတေးဖွဲ့တတ်တဲ့ မိန်းမအမျိုးမျိုးတို့ရဲ့ မှားယွင်းဖောက်ပြားတဲ့သရုပ်ကို ညွှန်ပြဆိုဆုံးမခဲ့ကြသလို အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလတို့လို တော်လေးဝ ဝင်တဲ့ မိန်းမမြတ်တို့ရဲ့ ဂုဏ်ရည်ကိုလည်း အမွှမ်းတင် ဖွဲ့ဆိုထားကြပါတယ်။

ဒါဟာ မြန်မာလူမျိုးတို့ရဲ့ လူမျိုး၊ ဘာသာ၊ ကျား မ အဆင့်အတန်းမခွဲခြားဘဲ တန်းတူရည်တူဖြစ်တဲ့ လူမှုဆက်ဆံရေး၊ လူမှုကျင့်ဝတ်၊ လူမှုတန်ဖိုးတို့ကို အလေးအမြတ်ထားပြီး မှန်ကန်မျှတ ဖြောင့်မတ်စွာ လိုက်နာကျင့်ကြံတတ်မှု အလေ့အကျင့်ကောင်း၊ ဓလေ့စရိုက်ကောင်းတွေကို ညွှန်းပြနေခြင်းပဲ ဖြစ်ပါတယ်။

လူငယ်လူရွယ်တွေကို မြန်မာ့ဓလေ့စရိုက်ကောင်းများနဲ့အညီ လိမ္မာယဉ်ကျေးအောင်၊ နူးညံ့သိမ်မွေ့အောင် ဆုံးမပဲ့ပြင်ရမယ့်အစား ဥပဒေ၊ စည်းကမ်းကို ဆန့်ကျင်ဖောက်ဖျက်တတ်တဲ့ ဓလေ့စရိုက်ကြမ်းတွေ၊ အကြမ်းဖက်မှု၊ ဆူပူမှုတို့ကို လိုလားတဲ့ ရန့်ရင်းကြမ်းတမ်းတဲ့ စိတ်ဓာတ်တွေ၊ အာဃာတတရား၊ အမုန်းတရားတို့ကို စေ့ဆော်တဲ့အမြင်မှောက်မှားမှုတွေကို သွတ်သွင်းပြီး ဖျက်လိုဖျက်ဆီး လုပ်ဆောင်နေတာတွေဟာလည်း မျိုးဆက်တစ်ဆက်လုံးကို ဖျက်ဆီးနေခြင်းဖြစ်တဲ့ အတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်းကာကွယ်ထိန်းသိမ်း။

အခြေခိုင်ခံ့စွာဖြစ်ထွန်း

တစ်နည်းပြောရရင် အချို့သောနိုင်ငံများမှာ လူ့အခွင့်အရေးလို့ အမည်တပ်ထားတဲ့ အလေ့အကျင့်တွေကို ကျင့်သုံးဖို့မဆိုထားနဲ့ တွေးတောင်မတွေးမိကြသေးတဲ့ အချိန်ကာလများကတည်းက မြန်မာလူမျိုးများအကြားမှာ ဗြဟ္မာစိုရ်တရား လေးပါး၊ လောကပါလတရား နှစ်ပါးကိုအခြေခံတဲ့ လူသားချင်းစာနာထောက်ထားတတ်သော လူမှုကျင့်ဝတ်၊ လူမှုတန်ဖိုးများ အခြေခိုင်ခံ့စွာဖြစ်ထွန်းနေခြင်းပဲ ဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေးဂုဏ်ရည်တွေလို့ဆိုရမယ့် နက်ရှိုင်းလေးနက်တဲ့ တွေးခေါ်မြော်မြင်မှုသဘောတရားတွေ၊ ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ အဆုံးအမ တရားတွေ၊ လူသားချင်း စာနာထောက်ထားမှု၊ တန်းတူရည်တူရှိမှု အခြေခံသဘာတရားတွေရဲ့ ထိန်းကျောင်းပံ့ပြင်မှုတွေကြောင့် ညီညွတ်မျှတတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးကို ယနေ့တိုင် ထိန်းသိမ်းထားနိုင်ခြင်း ဖြစ်ပါတယ်။

ဒီလို ညီညွတ်မျှတပြီး လောကပါလတရားများ ထွန်းကားတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အခွင့်အရေးနဲ့ အခွင့်အလမ်းတွေဟာ ဆီလျော်ထိုက်တန်စွာ ထမ်းဆောင်ရမယ့် ကျင့်ဝတ်၊ တာဝန်တို့ ယှဉ်တွဲပြီး လွတ်လပ်စွာဖြစ်ထွန်းလျက်ရှိပါတယ်။

မြန်မာ့ဓလေ့စရိုက်

နိုင်ငံတော်ရဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတို့ရဲ့ ထိန်းကျောင်းကြပ်မတ်မှုဖြင့်သာမက ကျင့်ဝတ်၊ ကျင့်စဉ်၊ သီလ၊ ဂါရဝတရား၊ နိဝါတတရား၊ ဟီရိဩတ္တပ္ပတရားတို့ရဲ့ အထိန်းအကွပ်ဖြင့်ပါ ယဉ်ကျေးသိမ်မွေ့စွာ ပြုမူနေထိုင်ကျင့်ကြံကြရတာဟာ မြန်မာ့ဓလေ့စရိုက် အစစ်အမှန်တွေပဲ ဖြစ်ပါတယ်။

ဒီလို အဆင့်အတန်းမြင့်မားလှတဲ့ အသိအလိမ္မာတရားတွေ၊ ကောင်းမြတ်တဲ့ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာတွေရဲ့ ညီညွတ်မျှတဲ့ မြန်မာ့လူ့ဘောင်ကို သမိုင်းအစဉ်အဆက် ပျိုးထောင်ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခဲ့တဲ့ စွမ်းအားကောင်းတွေကို မြန်မာလူမျိုးတို့ဟာ ပင်ကိုအရည်အသွေးအဖြစ် ပိုင်ဆိုင်ထားပြီးဖြစ်ပါတယ်။ ဒီဓလေ့စရိုက်ကောင်း၊ အစဉ်အလာကောင်း၊ စွမ်းအားကောင်းတွေကို ခေတ်စနစ်နဲ့ဆီလျော်အောင်၊ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနဲ့ ညီညွတ်အောင် ဆက်လက်ပြုစုပျိုးထောင်သွားနိုင်တာနဲ့အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို မြန်မာ့ကိုယ်ပိုင်မူဟန်နဲ့ မြန်မာလူမျိုးတို့ကိုယ်တိုင် မတည်ဆောက်နိုင်စရာအကြောင်း မရှိပါဘူးလို့ ပြောကြားလိုပါတယ်။

မြန်မာလူမျိုးတို့အနေနဲ့ အနုသုခုမပညာရပ်များကို ဖျော်ဖြေရေးသက်သက်လို့ မည်သည့်အခါကမျှ မယူဆခဲ့ဘဲ ယဉ်ကျေးမှုအမွေပေးရာ၊ ရိုးရာဓလေ့စရိုက် အစဉ်အလာကောင်းများ၊ ဗဟုသုတများဖြန့်ဝေရာ စွမ်းအားတစ်ရပ်အဖြစ် ထိထိရောက်ရောက် ထိုက်ထိုက်တန်တန် အသုံးပြုခဲ့ကြတာဖြစ်ပါတယ်။

ကြိုးပမ်းဆောင်ရွက်

ဒါကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို အမျိုးသားအဆင့်ဖြင့် နှစ်စဉ်မပျက် ခမ်းခမ်းနားနား ထည်ထည်ဝါဝါကျင်းပရင်း သမိုင်းအစဉ်အဆက်မှ ဆင့်ပွားပျိုးထောင်လာခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ထွန်းကားပြန့်ပွားစေရအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။

မိမိတို့ရဲ့ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးလေးစားမှု အခြေခံက ပေါက်ဖွားလာတဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ အမျိုးစောင့်စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများကို ထိန်းသိမ်းမြှင့်တင်လိုမှု အခြေခံက ပေါက်ဖွားလာခဲ့တဲ့ အမျိုးသားရေးစိတ်ဓာတ်တို့ကို အနုပညာစွမ်းပကားဖြင့် တောက်ကြွားနိုးကြားစေခြင်းအားဖြင့် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများမှာ တိုင်းကျိုးပြည်ဆောင်စိတ်ဓာတ်ကောင်းများနဲ့တကွ မိမိနိုင်ငံ မိမိလူမျိုး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ အမျိုးသားရေးကိုယ်ခံအားတွေလည်း ပိုမို ပြည့်ဖြိုးခိုင်မာလာမှာ အမှန်ပဲဖြစ်ပါတယ်။

တားဆီးကာကွယ်

နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာနဲ့ တိုးမြှင့်ဆက်ဆံရမှု၊ ခေတ်မီဆက်သွယ်ရေးနည်းပညာများ ထွန်းကားလာမှုတွေနဲ့အတူ မိမိရိုးရာယဉ်ကျေးမှုနဲ့ ဖီလာဆန့်ကျင်တဲ့ တိုင်းတစ်ပါးဓလေ့စရိုက် အမူအကျင့်တွေဟာ စီးပွားရေးတံခါးပေါက်၊ ယဉ်ကျေးမှုတံခါးပေါက်တို့ကတစ်ဆင့် စိမ့်ဝင်ထိုးဖောက်လာနေတဲ့ အန္တရာယ်ကိုလည်း အမျိုးသားရေးစိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းတဲ့ စိတ်ဓာတ်၊ အမျိုးသားရေး ကိုယ်ခံစွမ်းအားကောင်းများဖြင့်သာ တားဆီးကာကွယ်နိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် **နိုင်ငံတကာအမြင်လို့ ကြွေးကြော်ပြီး အမျိုးသားရေးစိတ်ဓာတ်နဲ့ အမျိုးသားရေးဓလေ့စရိုက် ထိန်းသိမ်းစောင့်ရှောက်မှု အစဉ်အလာကောင်းတွေကို ခေတ်မမီတော့သယောင် သေးသိမ်အောင်ပြောဆိုရင်း တိုင်းတစ်ပါးကို မျက်စိမှိတ် အားကျအထင်ကြီးအောင်၊ စည်းကမ်းမဲ့ ပရမ်းပတာလွတ်လပ်မှုတွေ ကြီးစိုးလာအောင် လှုံ့ဆော်သွေးဆောင်နေကြတဲ့ တိုင်းတစ်ပါးသြဇာခံ အဖျက်သမားများရဲ့ အန္တရာယ်ကိုလည်း အသိတရားရှိရှိနဲ့ တားဆီးကာကွယ်ကြဖို့ လိုအပ်ပါတယ်။**

ဝိုင်းဝန်းထိန်းသိမ်း

လူငယ်လူရွယ်တွေကို မြန်မာ့ဓလေ့စရိုက်ကောင်းများနဲ့အညီ လိမ္မာယဉ်ကျေးအောင်၊ နူးညံ့သိမ်မွေ့အောင် ဆုံးမပဲ့ပြင်ရမယ့်အစား ဥပဒေ၊ စည်းကမ်းကို ဆန့်ကျင်ဖောက်ဖျက်တတ်တဲ့ ဓလေ့စရိုက်ကြမ်းတွေ၊ အကြမ်းဖက်မှု၊ ဆူပူမှုတို့ကို လိုလားတဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့ စိတ်ဓာတ်တွေ၊ အာဃာတတရား၊ အမုန်းတရားတို့ကို စေ့ဆော်တဲ့အမြင်မှောက်မှားမှုတွေကို သွတ်သွင်းပြီး ဖျက်လိုဖျက်ဆီးလုပ်ဆောင်နေတာတွေဟာလည်း မျိုးဆက် တစ်ဆက်လုံးကို ဖျက်ဆီးနေခြင်းဖြစ်တဲ့အတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်း ကာကွယ်ထိန်းသိမ်းကြဖို့ လိုပါတယ်။

ဒါကြောင့် ယနေ့ အမျိုးသားရေး လိုအပ်ချက်များနဲ့အညီ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကတစ်ဆင့် တည်ဆောက်ပေးလျက်ရှိတဲ့ အမျိုးသားယဉ်ကျေးမှုနဲ့ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ခြင်းဆိုတဲ့ အမျိုးသားရေးအသိအမြင်ကို အခြေခံသော အမျိုးသားရေး ကိုယ်ခံစွမ်းအားကောင်းများကို ခိုင်မာသည်ထက် ခိုင်မာစေရအောင် ဆက်လက် ကြိုးပမ်းတည်ဆောက်ပေးကြပါ၊ ဒီစွမ်းအားကောင်းတွေ ပိုမိုခိုင်မြဲသည်ထက် ခိုင်မြဲစေရအောင် ကျင့်ကြံအားထုတ်သွားကြပါလို့ တိုက်တွန်းမှာကြားလိုပါတယ်။

ကြိုးပမ်းစွမ်းဆောင်

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ့အလယ်မှာ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရအောင် တစ်မျိုးသားလုံးက လက်တွဲ ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ယနေ့အချိန်အခါသမယမှာ တိုင်းရင်းသားပြည်သူများအားလုံးကို တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် တညီတညွတ်တည်း၊ တစ်စိတ်တစ်ဝမ်းတည်းရှိနေစေရေးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်မှု စွမ်းအား၊ အနုပညာစွမ်းအားတို့ဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

နှစ်ရှည်ရော်ဘာပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး မိုးရာသီ၌ အကိုင်းနှင့်မျိုးစေ့စိုက်ခြင်းအောင်မြင်မှု မှတ်တမ်းပြုစု

လူငယ်များ ပညာရည်မြင့်မားရေး ဌာနဆိုင်ရာနှင့် မိဘများ ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ကွမ်းလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သံလွင်ဦးခန်းမသို့ ရောက်ရှိကြပြီး ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကွမ်းလုံမြို့၌ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေကြိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒေသတွင်း စပါးတိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်ကြရန် လိုကြောင်း။

ထိုနည်းတူ နှစ်ရှည်သီးနှံ ရော်ဘာနှင့် နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြရန် မှာကြားလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရာတွင် စိုက်ရုံသက်သက်မဟုတ်ဘဲ ရှင်သန်ဖြစ်ထွန်းအောင် အစဉ် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကာ ပေါင်းရှင်းခြင်း၊ မြေသြဇာထည့်ခြင်းများ လိုအပ်သလို ဆောင်ရွက်သွားရန်နှင့် ရှင်သန်မှုအားနည်းသည့် အပင်များနေရာတွင် ချက်ချင်းဖြည့်စွက်အစားထိုး စိုက်ပျိုးသွားရန် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက ကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လာမည့်မိုးရာသီတွင် ခြံစည်းရိုးကြက်ဆူ အကိုင်းဖြတ်စိုက်ခြင်းနှင့် မျိုးစေ့ဖြင့်စိုက်ခြင်း ဖြစ်ထွန်းအောင်မြင်မှုမှတ်တမ်းများ စနစ်တကျ ပြုစုဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ခရိုင်အတွင်း ဒေသခံတိုင်းရင်းသားလူငယ်များ ပညာရည်တိုးတက်မြင့်မားရေးနှင့် စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် ဌာနဆိုင်ရာများနှင့် မိဘပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်းဖြင့် မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကွမ်းလုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး အမျိုးသားလူနာဆောင်၊ အမျိုးသမီး လူနာဆောင်၊ သားဖွားဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှု ခံယူနေကြသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်၍ အားပေးစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဒေါက်တာလှရွှေနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသ၌ အဖြစ်များသော ရောဂါကုဆေးဝါးများနှင့် အရေးပေါ်သုံး ဆေးဝါးများ ပြည့်စုံစွာထားရှိရေး တာဝန်ရှိသူများအား မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ကွမ်းလုံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုအေးက လက်ခံသည်။

သင်ကြားပို့ချပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းဝင်းရှေ့ရှိ မုန့်အရောင်းဆိုင်များ၊ စာသင်ခန်းများ၊ သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများနှင့် ကွန်ပျူတာခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဘက်စုံပညာရည်ထူးချွန်ထက်မြက်ပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ပြန်လည်အကျိုးပြုထမ်းဆောင်နိုင်သည့် ဒေသခံ လူငယ်လူရွယ်များ ပေါ်ထွန်းလာရေးအတွက် ဆရာ ဆရာမများက စေတနာထားပြီး ကြိုးပမ်းသင်ကြားပို့ချပေးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကွမ်းလုံ-လောက်ကိုင်လမ်းအတိုင်း လောက်ကိုင်မြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ လမ်းတစ်လျှောက် ဘေး/ဝဲ ယာတို့တွင် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါး၊ ရော်ဘာ၊ ကြံစိုက်ခင်းများနှင့် လမ်းတံတားအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့သို့ ရောက်ရှိကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ချင်းရွှေဟော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် ချင်းရွှေဟော်မြို့သည် ဖွံ့ဖြိုးတိုးတက်မှုများ အထိုက်အလျောက် ရရှိနေပြီဖြစ်သည့်အားလျော်စွာ ဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် ဌာနဆိုင်ရာများအနေဖြင့် မြို့ပြအုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ စည်းကမ်း၊ စည်းမျဉ်းများနှင့်အညီ အမျိုးသားရေးအမြင်ဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိ တက်ညီလက်ညီဝိုင်းဝန်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ချင်းရွှေဟော်မြို့ နမ့်တိန်ချောင်းအနီးရှိ လူငယ်အားမာန် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၏ စိန်ဝတ်မှုန် ရော်ဘာစေးပေါင်းရုံသို့ ရောက်ရှိကြပြီး ရော်ဘာသားပါဝင်မှု စစ်ဆေးသော စက်နှင့် ရော်ဘာ SCR 5 နှင့် SCR 10 အမျိုးအစားတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံတွင်း ရော်ဘာထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးရာ ၂၀၀၆ ခုနှစ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု FAO ဆုရ ဦးမောင်မြင့်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ရော်ဘာစေးပေါင်းရုံသည် အလျားပေ ၂၅၀၊ အနံပေ ၁၅၀ ရှိပြီး ကုန်ကြမ်းလိုအပ်မှုမှာ တစ်ရက်လျှင် ရော်ဘာစေး ၃၆ တန်ဖြစ်ပြီး ထုတ်လုပ်မှုပမာဏမှာ တစ်ရက်လျှင် သုံးတန်ဖြစ်ကြောင်း သိရှိရသည်။

၂၀၀၆ ခုနှစ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု FAO ဆုရ ဦးမောင်မြင့်က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဒေါက်တာဇော်သိန်းကျော်က လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်သူ့ဆေးရုံဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုမြှင့်တင် ဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေး၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များသည် ချင်းရွှေဟော် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး အမျိုးသမီး လူနာဆောင်၊ သားဖွားဆောင်၊ အထူးကြပ်မတ်ကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက် လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ အားပေးစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆေးကုသမှု ခံယူနေကြသူများအတွက် ထောက်ပံ့ပစ္စည်းများကို လည်းကောင်း၊

အကြိမ်(၃၀)မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

အကြိမ်(၃၀)မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ (၂၉)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲနောက်ပိုင်းတွင် လှူဒါန်းသော အကြိမ်(၅၀)နှင့် အကြိမ်(၅၀)အထက် သွေးလှူရှင်များ၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် လူမှုထူးချွန် (ပထမ၊ ဒုတိယ၊ တတိယ)ဆင့်ရ သွေးလှူရှင်များသည် မိမိတို့၏ သွေးလှူရှင်ကတ်ပြား အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ယူဆောင်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးဌာနသို့ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအတွင်း လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုဇုန်များမှထုတ်လုပ်သည့် ဂျစ်နှင့်အပေါ့စားမော်တော်ယာဉ်များ ဈေးနှုန်းသင့်၍ ခိုင်ခံ့လှပမှုကြောင့် ဝယ်ယူသုံးစွဲသူများလာ

ရန်ကုန် အောက်တိုဘာ ၂၉

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘ၀ တိုးတက်ဖြစ်ထွန်းခိုင်မာရေးအတွက် ဘက်စုံကဏ္ဍစုံမှ စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

သတင်း မြင့်ကွင်း – မြင့်မောင်စိုး

ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံပိုင်စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ခင်းကျင်းပြသထားသော စက်ဘီးအရောင်းပြခန်းကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ယခုအခါ နိုင်ငံတော်က စက်မှုဇုန်များ တည်ထောင်ပေးနိုင်ခဲ့၍ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်လာသည်။

ဖွင့်လှစ်

ထိုသို့မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်နေသည့် စက်မှုဇုန်ထုတ် မော်တော်ယာဉ်များ ပြပွဲကို ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်အားကစားကွင်း၌ အောက်တိုဘာ ၂၉ရက်နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ယင်းမော်တော်ယာဉ်ပြပွဲနှင့် အတူ အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်နှင့် ပူးပေါင်းပြသထား၍ ပြပွဲမှာ အထူးစည်ကားလှသည်။

မေးမြန်းခဲ့

အဆိုပါ ကားပြပွဲနှင့် အထူးဈေးရောင်းပွဲတော်သို့ မြန်မာ့အလင်းက သွားရောက်ကာ တာဝန်ရှိသူများနှင့် ကားထုတ်လုပ်ရောင်းချမှု အပိုင်းကို မေးမြန်းခဲ့ပါသည်။

စုစည်းပြသ

ရှေးဦးစွာ ယင်းပြပွဲ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်အရှေ့ပိုင်းခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ပြောကြားရာတွင် ယခုခင်းကျင်းပြသသည့် ကားအရောင်းပြပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ စက်မှုဇုန်၁၀ဇုန်မှ ထုတ်လုပ်သောကားများကို အများပြည်သူများ လေ့လာကြည့်ရှု ဝယ်ယူနိုင်ရန်အတွက် တစ်နေရာတည်းတွင် စုစည်းပြသပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်အတွင်းရှိ စက်မှုဇုန်များမှ မော်တော်ယာဉ် ထုတ်လုပ်မှုမှာ ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း ကားစီးရေ၁၂၃၉စီး ထုတ်လုပ်နိုင်ခဲ့ပြီး တန်ဖိုးငွေအားဖြင့် ကျပ်ငွေသန်းပေါင်း ၁၄၈၂၈ ဒသမ ၅ ရှိကြောင်း၊ ယခု ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်လုပ်ခွင့် တင်ပြစီးရေမှာ ၃၃၀၂ စီးဖြစ်ပြီး ယင်းတို့အနက်မှာ ၁၈၂၃စီးကို ထုတ်လုပ်ခွင့်ပြုထားကြောင်း၊ ထုတ်လုပ်ခွင့်တင်ပြဆဲ

ရန်ကုန်အရှေ့ပိုင်းခရိုင် အထူးဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းအရောင်းဆိုင်တွင် ဝယ်ယူအားပေးသူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

စီးရေမှာ ၁၄၇၉စီးရှိကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

ခင်းကျင်းပြသသွားမည်

အဆိုပါ ကားပြပွဲကို အောက်တိုဘာ ၂၉ရက်မှ နိုဝင်ဘာ ၈ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ ၎င်းပြပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ စက်မှုဇုန်၁၀ဇုန်မှ မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းရှင် ၃၄ဦးက ကား၄၂စီးကို ပူးပေါင်းပြသခြင်းဖြစ်ကြောင်း ဒဂုံတောင်စက်မှုဇုန်(၂)မှ ဒဂုံတော်ဝင်ကားထုတ်လုပ်ရေးကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မြင့်က ပြောကြားသည်။

ဒဂုံတော်ဝင်မှ Light Truck မော်တော်ကားများထုတ်လုပ်ပေးနေကြောင်း၊ လုပ်ငန်းခွင်အသုံးတည့်၍ ဝယ်ယူမှုများကြောင်း၊ တန်ဖိုးမှာ သိန်း ၁၂၀ရှိကြောင်း၊ ယခုနှစ်တွင် ကားထုတ်လုပ်ခွင့် စီးရေ ၁၀၀ ရရှိထားကြောင်း ဦးအောင်မြင့်က မြန်မာ့အလင်းသို့ ဆက်လက်ပြောကြားသည်။

ဈေးနှုန်းအလွန်သက်သာ

တစ်ဖန် ဒဂုံ(တောင်)စက်မှုဇုန်(၂)တွင် အခြေစိုက်ထုတ်လုပ်နေသော ကမ္ဘောဇကားထုတ်လုပ်ရေးမှ ဦးမျိုးသုခကျော်က ပြောကြားရာတွင် "ယခုနှစ်တွင် Light Truck ကားတစ်တန်ယာဉ်၂၅စီးထုတ်လုပ်ခွင့်ရထားကြောင်း၊ ပြည်တွင်းဖြစ်ကားများ ဈေးကွက်မှာ ပြည်ပမှတင်သွင်းသည့်ကားများထက် ဈေးနှုန်းအလွန်သက်သာသဖြင့် ဝယ်ယူမှုများပြားလာကြောင်း" ၎င်းကပြောကြားသည်။

ကြိုးစားထုတ်လုပ်

ထို့နောက် ဒဂုံဆိပ်ကမ်းစက်မှုဇုန်၌ အခြေစိုက် ထုတ်လုပ်နေသော နှင်းကြာဖြူ ကားထုတ်လုပ်ရေးလုပ်ငန်းမှ ဦးသန်းထွန်းက ပြောကြားရာတွင် "ယခုနှစ်တွင် Light Truckကားအစီး ၂၀ထုတ်လုပ်ထားကြောင်း၊ ယင်းကားတစ်စီး၏တန်ဖိုးမှာ သိန်း ၁၀၀ ဝန်းကျင်ဈေးရှိကြောင်း၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ စံချိန်စံညွှန်းများအတိုင်း လုပခိုင်ခဲ့သော မော်တော်ယာဉ်များကို စေတနာအပြည့်ဖြင့် အကောင်းဆုံးဖြစ်အောင် ကျွမ်းကျင်ပညာရှင်များဖြင့် ကြိုးစားထုတ်လုပ်ထားကြောင်း" မြန်မာ့အလင်းသို့ရှင်းပြသည်။

ဝယ်ယူသူများပြား

တောင်ဒဂုံ စက်မှုဇုန်(၂)တွင် အခြေစိုက်ထုတ်လုပ်နေသော ကမ္ဘာကျော်ကားထုတ်လုပ်ရေးမှ ဦးစိုးကြည်ကလည်း KBK-01၊ KBK-02၊ KBK-03စသည်ဖြင့် အမျိုးအစား ခွဲခြားလျက် တစ်တန်ရှိ Light Truck ကားများ ထုတ်လုပ် ရောင်းချပေးနေကြောင်း၊ ပြည်ပမှတင်သွင်းလာသော ကားများထက် ဈေးနှုန်းများစွာ သက်သာ၍ ဝယ်ယူသူ များပြားလာကြောင်း၊ ၎င်းကားများမှာ သိန်း ၁၄၀ ဝန်းကျင်ရှိကြောင်း သိရသည်။

သေသပ်ကောင်းမွန်

တောင်ဒဂုံ စက်မှုဇုန်(၁)တွင် အခြေစိုက်ထုတ်လုပ်နေသော S-Ever Win ကားထုတ်လုပ်ရေးမှ ကိုထွန်းမြင့်ဦးကလည်း ဂျစ်ကားများနှင့် Light Truck ကားများ ထုတ်လုပ်ပေးနေကြောင်း၊ ဂျစ်ကားများမှာ သိန်း၇၀မှ ၉၀ကြား ရှိကြောင်း၊ Light Truck ကားများမှာ သေသပ်ကောင်းမွန်စွာပြုလုပ်ပေးထား၍ ကျပ်၁၃၅သိန်းဝန်းကျင်ဈေးရှိကြောင်း သိရသည်။

အထူးကား

အဆိုပါကားပြပွဲတွင် ဒဂုံတောင်စက်မှုဇုန်(၁)တွင် အခြေစိုက်ထုတ်လုပ်သည့် ကျားကိုးကောင်မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ဘိုင်အိုဒီဇယ်ကား၊ ဒဂုံမြောက် စီးပွားရေးဖွံ့ဖြိုးမှုဇုန်ရှိ လွင်ကျော်ကားထုတ်လုပ်ရေးမှအီသနောသုံးကားများကို အထူးကားအဖြစ် ပြသထားသည်။

လာရောက်ပြသ

ယင်းကားပြပွဲတွင် ဒဂုံတောင်စက်မှုဇုန်(၁)မှ ကျားကိုးကောင်၊ UP-2၊ S-Ever Win၊ ဝင်းမဟာ၊ ဒဂုံ(တောင်)စက်မှုဇုန်(၂)မှ UAM/ ကမ္ဘာကျော်၊ မာလာ၊ မြင်းပျံ၊ ကမ္ဘောဇ၊ ဒဂုံ(တောင်)စက်မှုဇုန်(၃)မှ KSW၊ NPT၊ လှိုင်းသစ်တို့ လာရောက်ပြသခဲ့သည်။

တောင်ဥက္ကလာပစက်မှုဇုန်မှ ဥက္ကလာဂျစ်များ၊ မြောက်ဥက္ကလာပစက်မှုဇုန်မှ Golden Bell၊ နေ/လ၊ ရွှေပေါက်ကံစက်မှုဇုန်မှ ရွှေမြန်မာ၊ Light Truck ကားအမျိုးမျိုးကိုလည်း လာရောက်ပြသခဲ့သည်။

အမျိုးမျိုးပါဝင်

ဒဂုံမြောက် စီးပွားရေးဖွံ့ဖြိုးမှုဇုန်မှ ဆန်းဖလားဝါး၊ မြန်မာဘီအက်စ်၊ ပစ်တိုင်းထောင်၊ ဝင်းမြန်မာအစရှိသော ဂျစ်ကား အမျိုးမျိုးနှင့် Light Truck ကား အမျိုးမျိုးပါဝင်ပြသထားသည်။

ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ Super Seven Star ၊ ရွှေငွေ၊ KZL၊ မင်း၊ T&T၊ အပေါ့စားယာဉ်များ၊ သာကေတစက်မှုဇုန်မှ စွမ်းထက်၊ နေမင်းမြန်မာနှင့် ဝင်း ကားထုတ်လုပ်ရေးကုမ္ပဏီများ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ရောင်းချပေးလျက်ရှိ

ယင်းကားပြပွဲတွင် စက်မှု(၁)ထုတ်ကုန်များဖြစ်သည့် စက်ဘီး၊ အပ်ချုပ်စက်၊ စတီးလ်ထည်အမျိုးမျိုး၊ အဝတ်အထည်များ၊ ဗလာစာအုပ်များလည်း ပြပွဲလာပြည်သူများအား ရောင်းချပေးလျက်ရှိသည်။

ပြသသွားမည်

အဆိုပါ ကားပြပွဲနှင့် စက်မှု(၁) အထူးဈေးရောင်းပွဲကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ဖျော်ဖြေရေးပွဲများနှင့်အတူ ပြသလျက်ရှိသည်။

သို့ဖြစ်၍ နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန် ၁၈ ဇုန် တည်ထောင်ပေးခဲ့မှုကြောင့် စက်မှုဇုန်များမှ ထုတ်လုပ်သည့် ဂျစ်ကားအမျိုးမျိုး၊ အပေါ့စားယာဉ်အမျိုးမျိုးကို ပြည်သူများအား

မော်တော်ယာဉ် အရောင်းပြခန်းတွင် ပြသထားသောကားများနှင့်ပတ်သက်၍ တောင်ဒဂုံစက်မှုဇုန်(၂) မော်တော်ကားထုတ်လုပ်ရေးမှ ဦးမျိုးသုခကျော် ကားထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ခဲ့ပြီဖြစ်သည်။

အစားထိုးထုတ်ကုန်

စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် တိုးတက်လာမှုနှင့်အတူ အရည်အသွေးဖြင့် ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန်များလည်း ထုတ်လုပ်လာနိုင်ပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်အရောင်းပြခန်းများတွင် စက်မှုဇုန်များမှ ထုတ်လုပ်ထားသော မော်တော်ယာဉ်များကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော် စည်ကားစွာ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၂)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ရက် ညနေ ၅နာရီတွင် ရာဟုထောင့်အောင်မြေ၌ ဖွင့်လှစ်ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ၄ရက်(တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၁နာရီတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၌ ဆုရရှိသော အသင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်းပြိုင်ပွဲတွင် ပထမဆု ငွေသားကျပ်၂၀၀၀၀၀နှင့် ငွေဖလားတစ်လုံး၊ ဒုတိယဆု ငွေသားကျပ် ၁၅၀၀၀၀နှင့် ငွေဖလားတစ်လုံး၊ တတိယဆု ငွေသားကျပ် ၁၂၀၀၀၀နှင့် ငွေဖလားတစ်လုံး၊ နှစ်သိမ့်ဆု ရရှိသော အသင်းများအား တစ်သင်းလျှင် ငွေသားကျပ် ၉၀၀၀၀နှင့် ငွေဖလားတစ်လုံး ချီးမြှင့်မည်ဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကိုလည်း ရင်ပြင်တော် အနောက်ဘက်မုခ်ရှိ ပြတိုက်ရှေ့၌ မသိုးသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ပွဲနှင့်အတူ တစ်ဆက်တည်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အဝေရလမ်း အမှတ်(၅၄၀)နေ ဦးသန်းဆွေ [ညွှန်ချုပ်-ကြေး/မြေ (ငြိမ်း)]-ဒေါ်ခင်မိမိနှင့် သားသမီး၊မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ကြီးစည်ပင်သာယာရေးအဖွဲ့မှ ရရှိသောဆုတံဆိပ်များ အပ်နှံ ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလှူငွေပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၆ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်အစည်းအဝေးတွင် တောင်ကြီးမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှရရှိခဲ့သော ဆုတံဆိပ်များအပ်နှံခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ၂၁ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ ပြည်နယ်/ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များ၊ တောင်ကြီးမြို့ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တိုင်းမှူးထံအပ်နှံ

ရှေးဦးစွာ ၂၀၀၆ခုနှစ် စည်ပင်သာယာရေးအဖွဲ့များနှစ်ပတ်လည်အစည်းအဝေးတွင် တောင်ကြီးမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှရရှိခဲ့သောမြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ပထမဆု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အကောင်းဆုံး မြို့နယ်ပထမဆုနှင့် အကောင်းဆုံး စံပြမြို့နယ် ပထမဆုတံဆိပ်များကို ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးမောင်စိုးတို့က တိုင်းမှူးထံ အပ်နှံကြသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးသောင်းစိန်က အကောင်းဆုံးမြို့နယ်ဆုများ ရွေးချယ်ခြင်းစနစ်နှင့် ဆုများ ရရှိအောင် ယှဉ်ပြိုင်ဆောင်ရွက်ခဲ့သည့် အခြေအနေများကိုရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ယင်းနောက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရပ်စောက်မြို့နယ်မှ သစ်လုပ်ငန်းရှင် ဦးစိန်သန်းဦးက ငွေကျပ် သိန်း၁၀၀၊ ရှမ်းပြည်နယ် အထူးဒေသ (၃)မှ ဦးစိုင်းလှဝင်းက ငွေကျပ် သိန်း ၁၀၀နှင့် ဦးစဝ်လောင်ကျွမ်းက ငွေကျပ် သိန်း ၅၀၊ ကလောမြို့မှ ဦးကျော်မြင့်က ငွေကျပ်သိန်း၅၀၊မြန်မာသြဘာလုပ်ငန်းစု ကုမ္ပဏီမှ ဦးချိုနိုင်ထွန်းက ငွေကျပ် ၃၉သိန်း၊တောင်ကြီးမြို့မှဦးကျော်ထွန်းက ငွေကျပ်၁၅သိန်းနှင့် ဦးစောအောင်က ငွေကျပ်သုံးသိန်းတို့ကိုအသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက လက်ခံရယူ၍ ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက ဆုတံဆိပ်များရရှိခြင်းအတွက် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။ **(သတင်းစဉ်)**

စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့ညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၂၉

စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ကောဒသမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ၂၇ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့်အရာရှိကြီးများ၊သာသနာရေးဦးစီးဌာနနှင့်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ အရာရှိကြီးများနှင့်အဖွဲ့ဝင်များ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)ဂေါပက အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက မိမိဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ တာဝန်ရှိသူများက မိမိတို့အဖွဲ့ငယ်များအလိုက် စီမံဆောင်ရွက်ထားမှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၆ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်/တိုင်း အသီးသီးမှ ခြံမန်နေဂျာများနှင့် စက်ရုံမှူးများက မွေးမြူရေးဆိုင်ရာလုပ်ငန်းများနှင့် တိရစ္ဆာန်အစာထုတ်လုပ်မှု အခြေအနေများကို တင်ပြဆွေးနွေးကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင် သန်လျင် ရပ်ရွာပညာပဒေသာဌာနများ လှုပ်ရှားမှု ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ ဒေသစည်းရုံးရေးမှူးများ ဖြစ်ကြသည့် ဒေါ်မာလာသိမ်းနှင့် ပါမောက္ခဒေါက်တာ မိခင်ဆွေသောင်း၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ကြည်ကြည်လှနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ အဖွဲ့ဝင်များသည် အောက်တိုဘာ၂၇ရက် နံနက် ၉နာရီက သန်လျင်မြို့နယ် သူဌေးကွင်း စံပြကျေးရွာရှိ ရပ်ရွာပညာပဒေသာဌာနသို့ ရောက်ရှိကြရာ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်နှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းကြည်တို့က ရပ်ရွာပညာပဒေသာဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့သည် ရပ်ရွာပညာပဒေသာဌာန၌ အမျိုးသမီးများ၏ စာပေလေ့လာနေမှုများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လှူဒါန်းထားသော အပ်ချုပ်စက်များဖြင့် ကျေးရွာအမျိုးသမီးများ၏ ချုပ်လုပ်နေမှုနှင့် ဖုန်ခါတံ ပြုလုပ်နေမှုများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့သည်သူဌေးကွင်းစံပြကျေးရွာရှိရပ်ရွာပညာပဒေသာဌာနအတွက်မြတ်မင်္ဂလာစာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံကြသည်။ **(ဝဲပုံ)**

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့သည် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော် ဘဒ္ဒန္တမဏ္ဍလအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင်နှင့် အဖွဲ့သည် ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ကရင်ဆိပ်စံပြကျေးရွာ ရပ်ရွာပညာ ပဒေသာဌာနသို့ ရောက်ရှိကြပြီး ရပ်ရွာပညာပဒေသာဌာန၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာ၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းထားသော အပ်ချုပ်စက်များဖြင့် ကျေးရွာအမျိုးသမီးငယ်များ၏ ချုပ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

စုစည်းတင်ပြသူ – မြင့်စိုး

ကမ္ဘာတစ်ဝန်းတွင် လွန်ခဲ့သော တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော ထူးခြားဖြစ်စဉ်များကို မြန်မာ့အလင်းပရိသတ်အတွက် ရေးသားဖော်ပြလိုက်ပါသည်။

အောက်တိုဘာ ၂၃

– ကမ္ဘာတစ်ဝန်းတွင် ယခုနှစ် ပထမရှစ်လအတွင်း ကြေးနီတန်ချိန် ၈၈၀၀၀ ထုတ်လုပ်ခဲ့ရာ စံချိန်တင် ထုတ်လုပ်မှုဖြစ်ကြောင်း၊ ယမန်နှစ် အလားတူကာလကထက် တန်ချိန် ၂၀၀၀ ပို၍ ထုတ်လုပ်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

– အမေရိကန်မှ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့သည် စောစီးစွာ သွေးဆုံးခဲ့သောအမျိုးသမီးများအား အမြွှာ ညီအစ်မနှစ်ဦးထံမှ တစ်သျှူးစများကိုသုံး၍ သားအိမ်အစားထိုးကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းမှာ အမေရိကန်၌ ပထမဆုံးသော သားအိမ်အစားထိုးကုသမှု ဖြစ်ကြောင်း သိရသည်။ အဆိုပါ အမြွှာညီအစ်မ၏ တစ်သျှူးစများကိုသုံးလျက် သားအိမ် အစားထိုးကုသခဲ့၍ စောစီးစွာသွေးဆုံးခဲ့သော အမျိုးသမီးများ သားသမီးထွန်းကားခဲ့သည်ဟု ဆိုသည်။

အောက်တိုဘာ ၂၄

– ဂျပန်နိုင်ငံရှိ ဆဲလ်ဖုန်းအသုံးပြုသူများအား ယင်းတို့၏ ဆဲလ်ဖုန်းနံပါတ်များကို ပြောင်းလဲ စရာမလိုသည့် လွယ်ကူရှင်းလင်းသည့် ဖုန်းနံပါတ်စနစ်တစ်ခုကို စတင်ဝန်ဆောင်မှုပေးခဲ့သည်။ ယင်းစနစ်အရ မိုဘိုင်းလ်ဖုန်းအီးမေးလ်လိပ်စာများကို သိမ်းမထားသော်လည်း ဖုန်းနံပါတ် များမှာ မပြောင်းလဲဘဲ ဆက်လက်ရှိနေမည်ဟုဆိုသည်။

– ဇမ်ဘီယာနိုင်ငံ အနောက်မြောက်ပိုင်း၌ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များတွေ့ရှိခဲ့ကြောင်း ယင်းနိုင်ငံသမ္မတ လေဗီးအမ်ဝါနာဝါဆာက ပြောကြားသည်။ ထိုဒေသမှ မြေသားနမူနာ ၃၁မျိုးကို ဂျာမနီသို့ပေးပို့စစ်ဆေးခဲ့ရာ ရေနံထွက်နိုင်သည့်နေရာ ၁၂ နေရာရှိပြီး ဓာတ်ငွေ့ ထွက်ရှိနိုင်သော နေရာခြောက်နေရာရှိသည်ဟု ဆိုသည်။

– မက္ကဆီကိုနိုင်ငံ ဘားဂျားကယ်လီဖိုးနီးယားကျွန်းစွယ်ထိပ်ရှိ အပန်းဖြေစခန်းများအနီး မုန်တိုင်း တိုက်ခတ်ခဲ့ရာ လူရာပေါင်းများစွာ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

အောက်တိုဘာ ၂၅

– ဩစတြေးလျနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ရန်အစိုးရက အဓိကမဟာဗျူဟာ တစ်ရပ်ချမှတ်လျက် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံး စက်ရုံတည်ဆောက်ရန် စီစဉ်လျက် ရှိသည်။ ယင်းနေစွမ်းအင်သုံးစက်ရုံများကို ဗစ်တိုးရီးယား၌ တည်ဆောက်မည်ဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် လုပ်ငန်းစ၍ ၂၀၁၃၌ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ၂၆

– အဲဘတ်စ်လေယာဉ်ကုမ္ပဏီက တရုတ်နိုင်ငံ၌ အေ–၃၂၀ လေယာဉ် ၁၅၀ ကို တပ်ဆင်ထုတ်လုပ် ရောင်းချသွားရန် သဘောတူညီလိုက်သည်။ တန်ကျင်းအရှေ့မြောက်ပိုင်း၌ ၎င်းစက်ရုံကို တည်ဆောက်ကာ ၂၀၀၉ ခုနှစ်တွင်စတင်၍ တစ်လလျှင် လေးစင်းနှုန်းထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

– အသက် ၅၈ နှစ်ရှိ ဟန်ဂေရီဖွား ချာလီစီမွန်ရီဆိုသူသည် ဆော့ဝဲလ်အင်ဂျင်နီယာသူဌေးဖြစ်ပြီး ၂၀၀၇ ခုနှစ် မတ်လ ၉ ရက်တွင် ဆိုယုဇ်အာကာသယာဉ်ဖြင့် အာကာသခရီးသည်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

– ဖလောရီဒါရှိ ကိတ်ကာနေဗယ်လေတပ်စခန်းမှ လူလိုက်ပါခြင်းမရှိသော ဒယ်လ်တာဒုံးပျံကို လွှတ်တင်လိုက်ရာ နေ၏ပုံကို သရီးဒီပုံရိုက်ရန်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၇

– အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ နေတိုးအဖွဲ့က လေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သား ၆၀ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

– ရုရှားကုန်တင်အာကာသယာဉ်တစ်စင်းသည် ကုန်တန်ချိန် တစ်တန်ခွဲကျော်ဖြင့် ကာဇက် စတန်နိုင်ငံ ဘိုင်ကိုနာ အာကာသစခန်းမှ အောက်တိုဘာ ၂၃ ရက်က လွှတ်တင်ခဲ့ရာ အခက်အခဲများကြောင့် နိုင်ငံတကာအာကာသစခန်းနှင့် မချိတ်မိဘဲရှိရာ အောက်တိုဘာ ၂၆ ရက်ရောက်မှသာ ချိတ်ဆက်နိုင်ခဲ့သည်ဟု ဆိုသည်။

– အိန္ဒိယနိုင်ငံရှိ အမျိုးသမီးများအား ညှဉ်းပန်းနှိပ်စက်မှုမှ ကာကွယ်ပေးရေးနှင့် နေအိမ်အတွင်း ရိုက်နှက်ခြင်းကို လျော့ကြေးပေးရန် ဥပဒေသစ်တစ်ရပ်ထုတ်ပြန်လိုက်သည်။

အောက်တိုဘာ ၂၈

– အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း ရှီလောင်း၌ ဆောင်းရာသီပွဲတော်အဖြစ် ကမ္ဘာ့စံချိန်တင် ဒရမ်တီးခတ်ပွဲပြုလုပ်ခဲ့ရာ ဒရမ်တီးသူ ၇၉၅၁ ဦးတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

– တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်၌ နိုင်ငံတကာကျွမ်းဘားပြိုင်ပွဲ ပြုလုပ်ခဲ့ရာ နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ ကျွမ်းဘားပညာရှင် ၃၀၀ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၉

– တရုတ်နိုင်ငံက ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည်။ ၎င်းဂြိုဟ်တုကို Long March-38 က သယ်ဆောင်သွားခြင်းဖြစ်သည်။

– ကျော်ဂျီယာ၏မြို့တော် တီဘယ်ပစ်စီ၌ ဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံးခဲ့သည်။

(ကိုးကား–အင်တာနက်)

မန္တလေးမြို့တွင် သံဃာတော်များကို ခုတုံးလုပ်သည့်အနေဖြင့် လက်မှတ်အတုရေးထိုးကာ လိမ်လည်စာရင်းရေးသွင်းခဲ့ မဲဆောက်မြို့တွင်လည်း နေခြည်ဦးအမည်ခံအဖွဲ့က အရေအတွက် များပြားစေရေးအတွက် ကြိုက်သလို လက်မှတ်ရေးထိုးဖြည့်စွက်မှု လက်ခံရယူ

နေပြည်တော် အောက်တိုဘာ ၂၉

အောက်တိုဘာ ၃ ရက်ညပိုင်းတွင် ပြည်ပအသံလွှင့်ဌာနတစ်ခုက လူထုဆန္ဒပြလွှာ လက်မှတ်များရေးထိုးရယူနေမှု သတင်းနှင့်စပ်လျဉ်း၍ စာပေသမားများ၊ အနုပညာရှင်များ၊ ဆရာဝန်များ၊ ရှေ့နေများအပြင် ရဟန်းသံဃာတော်များလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်ဟု "၈၈" မျိုးဆက်ကျောင်းသားအုပ်စုဝင်များက ပြောဆိုကြောင်းဖြင့် ထုတ်လွှင့်သွားခဲ့ကြောင်း သိရှိရသည်။

ခုတုံးလုပ်

အဆိုပါထုတ်လွှင့်မှုအတွက်မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ် ထီးလင်းကျောင်းတိုက်မှ သံဃာတော်များက ၎င်းတို့ကျောင်းတိုက်ရှိသံဃာတော်များ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်း မရှိကြောင်း၊ နိုင်ငံရေးနှင့်ဆက်နွှယ်မှုရှိသည့် မန္တလေးမြို့မှ ဘုန်းကြီးအမည်ခံအချို့မှ လွဲ၍ သာသနာ့အကျိုး သယ်ပိုးနေကြသော သံဃာတော်အများစုသည် လက်မှတ်ရေးထိုးခြင်းပြုကြမည်မဟုတ်ကြောင်း၊ နိုင်ငံရေးသမား အချို့နှင့် "၈၈" မျိုးဆက်ကျောင်းသားအုပ်စုဝင်များက သံဃာတော်များကိုခုတုံးလုပ်သည့်အနေဖြင့် သံဃာဘွဲ့အမည်၊ ကျောင်းတိုက်အမည်၊ လက်မှတ် စသည်တို့ကို အတုရေးထိုးကာ အရေအတွက်များပြားရေးအတွက် လိမ်လည် စာရင်းရေးသွင်း၍ ပြည်ပ အသံလွှင့်ဌာနတစ်ခုမှတစ်ဆင့် မမှန်မကန် သတင်းထုတ်လွှင့်သွားခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်ဟု သိရသည်။

ထို့အပြင် ထီးလင်းကျောင်းတိုက်၏ ဒါယကာ ဒါယိကာမများကလည်း ထိုကဲ့သို့ နိုင်ငံရေးအမြတ်ထုတ်လိုသည့် ကြံရွယ်ချက်ဖြင့် သံဃာတော်များ၏ ဂုဏ်သရေထိခိုက်ညှိုးနွမ်းအောင်နှင့် လူထုအကြည်ညိုပျက်အောင် ပြုလုပ်ခဲ့သည့် ကလိမ်ကကျစ်ကျသူများအား မကျေမနပ်ဖြစ်နေကြကြောင်း သိရှိရသည်။

ကြိုက်သလိုရေးထိုး

အလားတူ ကရင်ပြည်နယ် မြဝတီမြို့ နယ်စပ်ဂိတ်၌ အောက်တိုဘာ ဒုတိယပတ်အတွင်းက မသင်္ကာဖွယ် လူတစ်ဦးအား တွေ့ရှိ၍ သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးမေးမြန်းရာ ၎င်းသည် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် နွယ်နီ ၁ လမ်း အိမ်အမှတ် ၄၃၇ နေ ရဲကျော်သူ(ခ) ကိုစီဆိုသူဖြစ်ကြောင်း၊ ၎င်းသည် ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ပန်းကန် စက်ရုံတစ်ရုံတွင် ခြောက်လခန့်သွားရောက် အလုပ်လုပ်ကိုင်ခဲ့ပြီး အလုပ်ရှင်နှင့် ပြဿနာဖြစ်၍ အလုပ်မှ ထွက်ခဲ့ရကြောင်း၊ အလုပ် ထွက်ခဲ့ပြီးနောက် မဲဆောက်မြို့ရှိ အလုပ်သမား အဖွဲ့အမည်ခံ ဆန့်ကျင်ဘက်အဖွဲ့ အစည်းတစ်ခုဖြစ်သည့် နေခြည်ဦးအဖွဲ့နှင့် ဆက်သွယ်မိခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တွင် ၎င်းသည် နေခြည်ဦးအဖွဲ့၏ရုံးခန်းသို့ ရောက်ရှိစဉ် ထိုအဖွဲ့မှ ကိုမင်းဦး၊ ကိုပေါ်ဆိုသူတို့က ပြည်ပရောက် အလုပ်သမားများအား လူထုဆန္ဒ လက်မှတ် ရေးထိုးရန် စည်းရုံးလှုပ်ရှားလျက်ရှိပြီး လက်မှတ်ပါဝင် ရေးထိုးသူများကို "တစ်ဖက်နိုင်ငံ ရဲများ၏အန္တရာယ်မှ အကာအကွယ်ပေးမည်၊ အလုပ်အကိုင်ရရှိအောင် ပံ့ပိုးကူညီပေးမည်" စသည်ဖြင့် ပြောဆိုစည်းရုံး၍ အဝါရောင် လျှောက်လွှာ စာရွက်များပေါ်တွင် အမည်၊ နေရပ်နှင့်လက်မှတ်များ အစစ်အမှန်ဖော်ပြရန် မလိုဘဲ ကြိုက်သလို လက်မှတ် ရေးထိုးစေလျက်ရှိကြောင်း၊ အလုပ်သမား အချို့သည် လက်မှတ် ရေးထိုးရသည့် အကြောင်းကိစ္စကို ရှင်းရှင်းလင်းလင်း မသိရသော်လည်း ၎င်းတို့စည်းရုံး ပြောဆိုသည့် အကာအကွယ်၊ အထောက်အပံ့နှင့် အလုပ်အကိုင်များရလို၍ လက်မှတ်ရေးထိုး ပေးလျက်ရှိသည်ဟု ထွက်ဆိုခဲ့ကြောင်း သတင်းရရှိသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃၀–၁၀–၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅	၈။	အဆိုပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar made Easy
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၀	၄။	အဆိုပြိုင်ပွဲ
၁၆:၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
		တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇:၀၀	၆။	အကပဒေသာ
၁၇:၁၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇:၃၀	၉။	**"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး(ဝ/သ ရန်ကုန်)]
၁၇:၄၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း–၂၁)
၁၈:၅၀	၁၄။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း–၁၃)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"** (အပိုင်း–၁၇)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၁၀–၂၀၀၆ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	နိုင်ငံဂုဏ်ကိုဖော်ဆောင် နေသောစက်မှု(၁)မှ ရွှေတောင်ချည်ထည်များ
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (ဒါရိုက်တာအကယ်ဒမီ ပန်းချီစိုးမိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း–၂)
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ယဉ်ကျေးမှုတက္ကသိုလ် (ဂီတဌာန)
၈:၃၅	ပြည်တွင်းသတင်းအကျဉ်း
၈:၄၅	သဘာဝကပေးတဲ့အကျိုး အာနိသင်
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ဆီးချိုခြေထောက်ရောဂါ (ဒေါက်တာသန်းသန်းအေး)
၉:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅	သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းငွေကြည်)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	Music Gallery (ပင့်သက်ကြွေ VCD –ဒေါ်မေရှင်)
၁၁:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂၂:၂၅	Man City- Middlebrough	5-Sports (Live)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း အဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းနှင့်အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၈ရက် မွန်းလွဲ၁နာရီက နေပြည်တော်ရှိ ပျဉ်းမနားဟောင်း ကျေးရွာအုပ်စု မြောက်ကျောင်းစုရွာရှိ တိုက်ကျောင်းဝေဇယန္တာဓမ္မာရုံ၌ကျင်းပရာ ဟောပြောပွဲသို့ ပျဉ်းမနားဟောင်းကျေးရွာအုပ်စုမှ အမျိုးသမီးငယ်ရွယ်များ၊ ပြုတွင်း ကျေးရွာအုပ်စုမှ အမျိုးသမီးငယ်ရွယ်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်းနှင့် ကျန်းမာရေးနှင့်အညီ အာဟာရပြည့်မီစွာ စားသောက်နေထိုင်ရေးဆိုင်ရာ အကြောင်းများအား ဆွေးနွေးပြောကြားသည်။

အသိပညာပေး

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန၊ လူကုန်ကူးမှုကာကွယ်တားဆီးနှိမ်နင်းရေး အဖွဲ့မှ ရဲအုပ်ဌေးဌေးထွန်းက လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များ အကြောင်း အသိပညာပေး ဆွေးနွေးပြောကြားသည်။

ပြုစုပျိုးထောင်

ထို့နောက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက အမျိုးသမီးများအား ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ငန်းများအကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကျောင်းကျန်းမာရေး ဆရာဝန် ဒေါက်တာဒေါ်ကျော့သာစိန်က HIV/AIDS အကြောင်း အသိပညာပေး ဆွေးနွေးပြောကြားသည်။

ဆွေးနွေး

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

စပိန်လာလီဂါဘောလုံးပွဲများယှဉ်ပြိုင် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်နိုင်ပွဲရ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မက်ဒရစ် အောက်တိုဘာ ၂၉

စပိန်လာလီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ပြိုင်ပွဲများကို အောက်တိုဘာ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာက ရီခရီယေးတီဗို အသင်းကို အိမ်ကွင်း၌ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဘာစီလိုနာ အသင်းအတွက် ဗွေဆော်ဦးဂိုးကို ရော်နယ်ဒင်ဟိုက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

ဘာစီလိုနာမှ ရော်နယ်ဒင်ဟို (၀ဲ)နှင့် ရီခရီယေးတီဗိုကစားသမား ကာလိုလာတို့ ဤသို့ အကြိတ်အနယ်။ (ဓာတ်ပုံ–အင်တာနက်)

ဆက်လက်တည်မြဲ

ပွဲချိန် ၅၇မိနစ်တွင် ရော်နယ်ဒင်ဟိုကပင် ဘာစီလိုနာ အသင်းအတွက် ဒုတိယအနိုင်ဂိုး သွင်းယူပေးခဲ့သည်။ ပွဲချိန်မိနစ် ၆၀တွင် ဇာဗီက တတိယဂိုးသွင်းခဲ့သည်။ ဘာစီလိုနာအသင်းသည် ရှစ်ပွဲကစားရာတွင် ခြောက်ပွဲနိုင်၊ တစ်ပွဲ သရေနှင့် တစ်ပွဲရှုံးပြီး တန်းစီဇယားထိပ်ဆုံး၌ ဆက်လက်တည်မြဲနေသည်။

ဂျင်နက်စတစ်–ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်အသင်းသည်ဂျင်နက်စတစ်အသင်းကို အဝေးကွင်း၌ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဂျင်နက်စတစ်အသင်းသည် ပြိုင်ပွဲတွင် ရှုံးနိမ့်သော်လည်း ပွဲချိန်မိနစ် ၃၀တွင် ပယ်နယ်တီဖြင့် ဗွေဆော်ဦးဂိုးသွင်းနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်ကစားသမားများ ဂျင်နက်စတစ်အသင်းကို အနိုင်ရပြီး ဤသို့ အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

သို့သော်လည်း ကားလို့စ်၊ ဟယ်ဂွေယာနှင့် ရော်ဘင်ဟို တို့က ရီးရဲမက်ဒရစ်အတွက် တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ရှစ်ပွဲကစားရာတွင် ငါးပွဲနိုင်၊ နှစ်ပွဲ သရေ၊ တစ်ပွဲရှုံးဖြင့် ဘာစီလိုနာ နောက်မှ ကပ်လိုက်နေသည်။

ထို့နေ့က ဗလင်စီယာအသင်းသည် အဝေးကွင်း၌ ရေးဆင်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ဂျာမနီဘွန်ဒက်စ်လီဂါပြိုင်ပွဲများ ယှဉ်ပြိုင်ကစား ဘိုင်ယန်မြူးနစ်အိမ်ကွင်း၌ ဖရန့်ဖတ်ကိုနိုင်

စုစည်းတင်ပြသူ–
မောင်မောင်မြင့်ဆွေ

မြူးနစ် အောက်တိုဘာ ၂၉

ဂျာမနီဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ပြိုင်ပွဲကို အောက်တိုဘာ ၂၈ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ နာမည်ကြီးဘိုင်ယန်မြူးနစ်က အိမ်ကွင်း၌ ဖရန့်ဖတ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးထိုးဖောက်ဖောက်ဖြင့် ဖရန့်ဖတ်အသင်းကို ဖိကစားနိုင်ခဲ့သည်။ ပွဲစပြီး ၂၄မိနစ်အကြာတွင် ဘိုင်ယန်မြူးနစ်အသင်းအတွက်ရှိုင်မက်ကိုင်းကသွင်းယူခဲ့သည်။

ဘိုင်ယန်မြူးနစ်ကစားသမား ရှိုင်မက်ကိုင်း၏ ထိုးဖောက်မှုကို ဖရန့်ဖတ်ကစားသမား ဗာဆိုစကီက ဤသို့ဟန့်တားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ဆက်လက်ဖိကစား

ဘိုင်ယန်မြူးနစ်တို့ အိမ်ကွင်း အားသာချက်နှင့်အတူ ဖရန့်ဖတ် အသင်းကို ဆက်လက်ဖိကစားထားသည်။ ပွဲချိန် ၂၉ မိနစ်တွင် ဗန်ဘွမ်မဲလ်က ဘိုင်ယန်မြူးနစ်အတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။

ဒုတိယလိုက်နေ

ဘိုင်ယန်မြူးနစ်အသင်းသည် ကိုးပွဲကစားရာတွင် ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးထားပြီး ဝါဒါဘရီမင်အသင်းနောက်မှ ဒုတိယနေရာမှ လိုက်နေရသည်။

ခြေမှန်ပြန်ကစား

ချန်ပီယံ ဘိုင်ယန်မြူးနစ်တို့ ဝါဒါဘရီမင်အသင်းကို အမီလိုက်ရန် ခြေမှန်ပြန်ကစားလာနိုင်သည်ကို တွေ့ရသည်။ သို့သော်လည်း ဝါဒါဘရီမင် အသင်းသည် ကိုးပွဲကစားရာတွင် ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊နှစ်ပွဲရှုံးထားသည်။ သို့သော်လည်း တန်းစီဇယားထိပ်ဆုံးနေရာကို ဦးဆောင်ရယူနိုင်ခဲ့သည်။

ထိုနေ့က ပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်တို့ ပယ်နယ်တီတစ်ဂိုး ကန်ခွင့်ရသော်လည်း ပီဇာရိုက ပွဲချိန် ၄၄ မိနစ်တွင် ကန်သွင်းရာ လွဲချော်ခဲ့သည်။

ဖရန့်ဖတ်အသင်းသည် ချေပဂိုးသွင်းရန်ကြိုးစားသော်လည်း ဘိုင်ယန်မြူးနစ်နောက်တန်းကို မကျော်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

အခြားပွဲရလဒ်များ

နူရင်ဘတ်	၁–၁	ဒေါ့တ်မွန်
ဂလက်ဘက်	၀–၂	လေဗာကူဆင်
ဘိုချန်	၀–၁	ဝေါလ်ဘတ်
ကော့တ်ဘတ်	၂–၀	ဟာသာဘာလင်

(အင်တာနက်)

ပြင်သစ်ပထမတန်းဘောလုံးပွဲများယှဉ်ပြိုင် ဆိုးချော့စ်ကအဝေးကွင်း၌တူးလော့စ်ကိုအနိုင်ရ

လီယွန် အောက်တိုဘာ ၂၉

ပြင်သစ်ပထမတန်း ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)ပြိုင်ပွဲများကို အောက်တိုဘာ ၂၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဘော်ဒိုးအသင်းက ဆီဒန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဘော်ဒိုးအသင်းသည် အိမ်ကွင်း အားသာချက်နှင့်အတူ ဆီဒန်အသင်းကို ဖိကစားနိုင်ခဲ့သည်။ ပထမပိုင်း ပွဲပြီးရန် ၄၅မိနစ်အကြာတွင် ဝမ်ဒယ်က ဘော်ဒိုးအသင်းအတွက် ဗွေဆော်ဦး ဂိုးသွင်းယူခဲ့သည်။

ဦးဆောင်

သို့သော်လည်း ယင်းဂိုးမသွင်းမီ ပွဲချိန် ၁၈မိနစ်တွင် နာဒီယာက ဆီဒန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သည်။

ပွဲသိမ်းဂိုး

ဒုတိယပိုင်း ပြန်စပြီး မကြာမီမှာပင် မီကောက်က ဘော်ဒိုးအသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းနိုင်ခဲ့သည်။ ယင်းဂိုးသွင်းပြီးမကြာမီ ဒါချီဗယ်လီက ပယ်နယ်တီဖြင့် ဘော်ဒိုးအတွက် တတိယပွဲသိမ်းဂိုး သွင်းခဲ့သည်။

တူးလော့စ်–ဆိုးချော့စ်

ဆိုးချော့စ်အသင်းသည် တူးလော့စ်အသင်းကို အဝေးကွင်းကစားရသော်လည်း နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ကစားနိုင်ခဲ့သည်။ သို့ရာတွင် တူးလော့စ်တို့ အိမ်ကွင်း၌ပွဲစပြီး၂၁မိနစ်တွင် ဦးဆောင်ဂိုး စသွင်းနိုင်ခဲ့သည်။ ဆိုးချော့စ် တိုက်စစ်မှူး အယ်ဗာဂိုဆန်တို့စ်သည် ပွဲချိန် ၃၂မိနစ်တွင် ပယ်နယ်တီဖြင့် တူးလော့စ်ကို ချေပဂိုး သွင်းယူခဲ့သည်။ ပွဲပြီးရန် နှစ်မိနစ်အလိုတွင် ဆိုးချော့စ်မှ ကာရင်ဇန်နီက တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။

ပွဲစဉ် ၁၀အပြီး ပြင်သစ်ပထမတန်းတွင် လီယွန်၊ မာဆေးလ်နှင့် နန်စီတို့က အသီးသီးပြိုင်ဘက်များကို ဦးဆောင်ခဲ့သည်။

အခြားပွဲရလဒ်များ

လန်းစ်	၁ – ၀	အော်ဇေး
နန့်စ်	၁ – ၀	မိုနာကို
ပီအက်စ်ဂျီ	၁ – ၀	ရိန်းစ်
လီမန်း	၁ – ၁	လိုင်လီ။

(အင်တာနက်)

လန်းစ်တိုက်စစ်မှူးများ၏ ကန်သွင်းမှုကို အော်ဇေးဂိုးသမား ဤသို့ ကာကွယ်နိုင်ခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

အင်တာမီလန်ရှုံးပွဲမရှိစီးရီးအေ၌ဦးဆောင် ၁၀ဦးတည်းဖြင့် အေစီမီလန်ကိုအနိုင်ကစား

ရောမ အောက်တိုဘာ ၂၉

အီတလီစီးရီးအေပွဲစဉ် (၉)ပြိုင်ပွဲများကို အောက်တိုဘာ ၂၈ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်အသင်းက ပြိုင်ဘက်အေစီမီလန်အသင်းကို လေးဂိုး–သုံးဂိုးဖြင့်အနိုင်ရပြီး စီးရီးအေတွင် တန်းစီဇယားထိပ်ဆုံး၌ ဦးဆောင်လျက်ရှိသည်။

တစ်ဂိုးစီ

ခရက်စပို၊ စတန်ကိုဗစ်နှင့် အီဘရာဟင်မိုဗစ်တို့သည် ၄၇မိနစ်အတွင်း အင်တာမီလန်အသင်းအတွက် တစ်ဂိုးစီ သွင်းပေးခဲ့ကြသည်။

ချေပဂိုး

ပွဲချိန် ၅၁မိနစ်တွင် ဆီးဒေါ့ဖ်က အေစီအတွက် တစ်ဂိုးစတင်ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန်၆၈မိနစ်တွင် မာတာရာဇီက အင်တာမီလန်အတွက် တစ်ဂိုးထပ်မံသွင်းခဲ့သည်။ သို့ရာတွင် မာတာရာဇီသည် ယင်းဂိုးသွင်းပြီး မကြာမီ အနီကတ်ဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ၎င်းထွက်သွားခဲ့မှုကို အခွင့်ကောင်းယူ၍ ဂျီလာဒီနိုနှင့် ကာကာတို့က အေစီအတွက် ချေပဂိုးတစ်ဂိုးစီ သွင်းယူခဲ့သည်။ သို့သော်လည်း ၁၀ဦးတည်းဖြင့် ကစားခဲ့သော အင်တာမီလန်ကို ထပ်မံချေပဂိုးမသွင်းနိုင်ဘဲ ပွဲပြီးခဲ့သည်။

အီတလီစီးရီးအေပွဲစဉ် (၉)အပြီး အင်တာမီလန် အသင်းသည် ခြောက်ပွဲနိုင်၊ သုံးပွဲသရေဖြင့် ထိပ်ဆုံး၌ရှိနေသည်။

(အင်တာနက်)

အင်တာမီလန်မှ အိုလီဗီယာ ဒါကုတ်(ယာ)နှင့် အေစီမီလန်ကစားသမား ဂတ်တူဆိုတို့ ဤသို့ အကြိတ်အနယ်ဘောလုံးယှဉ်လုခဲ့ရာဝယ်…။ (ဓာတ်ပုံ–အင်တာနက်)

ငွေရတုမင်္ဂလာ

ဖေဖေ **ဦးဖေစန်း** (ဒုတိယညွှန်ကြားရေးမှူး၊ စ–စ–စ၊ မွန်ပြည်နယ်)နှင့်မေမေ **ဒေါ်သန်းသန်းမူ**တို့၏ ၃၀–၁၀–၂၀၀၆ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

သမီးကြီး – **ချောခင်ခင်**
အလုပ်သင်ဆရာဝန် (YCH)
သားကြီး – **ဗိုလ်လောင်းမင်းရဲအောင်**
(စစ်ဥပဒေ/OTS-110)
သမီးငယ် – **ထားခင်ခင် 1st Year B.Tech (Civil)။**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်(Delta Plaza)၊ အမှတ် ၂၄၇/၂၆၉၊ တိုက်(C)၊ အခန်း ၄၀၄နေ ဗိုလ်မှူးကြီးချစ်သန်းဝင်း(ငြိမ်း)–ဒေါ်အေးအေးသန်းတို့၏ တစ်ဦးတည်းသောသား

ဗိုလ်ဖော်မင်းထက် (B.C.Sc, D.S.A)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၄လမ်း၊ အမှတ် ၆၃နေ ဦးအေးမြင့်–ဒေါ်ဝင်းမာ (ဆောင်းသဇင်ပါတိတ်ဆိုင်၊ အဆင့်မြင့်မင်္ဂလာဈေး)တို့၏ တစ်ဦးတည်းသောသမီး

မခိုင်သန္တာဝင်း (Final Year Law)

တို့သည် ၂၉–၁၀–၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့်ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်တွင် Traders Hotel မင်္ဂလာခန်းမ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်ဖော်မင်းထက်–မခိုင်သန္တာဝင်း။



အိမ်ရောင်းမည်

သာကေတ
ရန်ပြေ ၁၉ လမ်း
၁၀ ပေ x ပေ ၆၀
တစ်ထပ်အိမ်။

ဖုန်း–၅၅၆၂၆၇၊ ၀၉–၅၁၄၃၅၀၅။





တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါ ဓာတ်ဆေး တန် ၂၂၀ခန့် ဝယ်ယူလိုပါသဖြင့် ပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များကို မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီ(ရန်ကုန်ရုံး)၌ တင်ဒါတစ်စုံလျှင် US$ 100 (in FEC) နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဓာတ်ဆေးအမည် – Shellsol 2046 (သို့မဟုတ်) Equivalent
တင်ဒါရောင်းချမည့်ရက် – ၃၀ရက် အောက်တိုဘာလ ၂၀၀၆ မှ ၃ရက် နိုဝင်ဘာလ ၂၀၀၆ (ရုံးချိန်အတွင်း)
တင်ဒါပိတ်ရက် – ၃ရက် နိုဝင်ဘာလ ၂၀၀၆၊ ညနေ ၄ နာရီ

ရန်ကုန်ရုံး

၇၀(အိုင်)၊ ဗိုလ်ချိန်လမ်း
ပြည်လမ်း၊ ၆မိုင်ခွဲ၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။
Ph: - 01-514 194/5/6/7
Fax - 01-514 208

အောက်တိုဘာ ၂၈ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် New Fashion Designer Group တို့ ပူးပေါင်းဖွင့်လှစ်သော ဖက်ရှင်ဒီဇိုင်း စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီစိန်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

Gas မီးဖိုများနှင့်ဆက်စပ်သော အသုံးအဆောင်ပစ္စည်းများ မိတ်ဆက်

ရန်ကုန် အောက်တိုဘာ ၂၉

Rinnai Corporationနှင့် Myanmar Kowa International Co.,Ltd.တို့ ပူးပေါင်းပြီး LPG ဓာတ်ငွေ့နှင့် အသုံးပြုသော Gas မီးဖိုများနှင့် ဆက်စပ်သော အသုံးအဆောင်ပစ္စည်းများ မိတ်ဆက်ပွဲကို အောက်တိုဘာ ၂၆ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ Kowa Machinery(Japan)မှ President Mr.Itoက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းဖြကြား

ထို့နောက် Rinnai Corporation (Japan) မှ Over Sea Marketing Director Mr. Ogawa က Rinnai Corporation အကြောင်း၊ မြန်မာနိုင်ငံတွင် Rinnai Gasနှင့် ဆက်စပ်သော အသုံးအဆောင်ပစ္စည်းများကို Myanmar Kowa Internationalက တာဝန်ယူ ဖြန့်ချိရောင်းချနေပြီ ဖြစ်ကြောင်းနှင့် Rinnai Gasမီးဖိုများကို အရည်အသွေးစံချိန်မီ ထုတ်လုပ်ထားပြီး စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ကြောင်းပြောကြားပြီး Myanmar Kowa International Co., Ltd. မှ Managing Director ဦးနိုင်လင်းက ကျေးဇူးတင်စကားပြောကြား၍ Service Manager ဦးအောင်မြင့်မောင်က Rinnai Gas မီးဖိုများအကြောင်းနှင့် Myanmar Kowaမှ Gasမီးဖိုများ ဝယ်ယူမှုတိုင်းကို လက်ခ၊ ပစ္စည်းတန်ဖိုးမယူဘဲ အာမခံကတ်နှင့်အတူ After Sales Serviceနှင့် Customer Care Service များအကြောင်းကို ရှင်းလင်းဖြကြားသည်။

ဆုချီးမြှင့်

ယင်းနောက် ကံထူးရှင်သုံးဦးတို့အား ထပ်ဆင့်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ၊ Mr. Ito နှင့် Mr. Ogawa တို့က ရွေးချယ်ဆုချီးမြှင့်ပေးကြသည်။

Rinnai Show Room & Service Center ကို အမှတ်(A/3) အောင်ဆန်းအားကစားပြိုင်ကွင်း (အရှေ့မြောက်ဘက်တန်း) အထက်ပန်းဆိုးတန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၄၅၅၄၃ နှင့် ၂၄၅၉၂၅တို့တွင် ဖွင့်လှစ်ထားရှိပြီး ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများရှိ Gas မီးဖိုဆိုင်များ၌ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်လတ်မြို့နယ်အသင်း မိတ်ဆုံခရီးထွက်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)က နိုဝင်ဘာ၁၄ရက်(အမျိုးသားနေ့)နံနက် ၇နာရီတွင် ပြည်တွင်းရေကြောင်း သုံးထပ်ရေယာဉ်ကြီးဖြင့် ကျိုက်လတ်မြို့သို့သွားရောက်၍ အာစရိယပူဇော်ပွဲ၊ စာပေပညာရှင်များ၏ စာပေဟောပြောပွဲနှင့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ ဖျော်ဖြေပွဲ အစီအစဉ်များ ကျင်းပပြီး ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာလာမည်ဖြစ်သည်။

လိုက်ပါလိုသူများ လက်မှတ်များကို ဦးမောင်ညိမ်း ဖုန်း–၆၆၇၁၃၂၊ ဦးအောင်ဆန်း ဖုန်း–၅၅၃၄၃၅၊ ဦးသိန်းလွင် ဖုန်း–၂၅၁၂၇၅၊ ဦးကျော်ရင် ဖုန်း–၅၆၀၅၂၀နှင့် အသင်းရုံး ဖုန်း–၅၀၁၅၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

ရှာရန်ရာနှုန်း၄၀

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

မုန်တိုင်းငယ်ရွှေ့လျားမည်

ရန်ကုန် အောက်တိုဘာ ၂၉

ယနေ့ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိပြီး ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ ရွေ့လျားကာ အိန္ဒိယနိုင်ငံ နယ်လ်လိုးမြို့၏ အရှေ့မြောက်ဘက် မိုင် ၄၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း သက်ဆိုင်ရာက ကြေညာထားသည်။ (သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ တရားပွဲများကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

အကြိမ်(၂၀)မြောက် ကထိန်အောင်ပွဲ အထိမ်းအမှတ်အဖြစ် ဗဟန်း ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံကြီး၌ တရားပွဲများကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၁ရက်တွင် ဘဒ္ဒန္တ ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည် ဆရာတော်)၊ ၃ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ(ဗဟုဇနဟိတရေ) ဆရာတော်များက ည၇နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

သဘာဝရှုခင်းများ စုံလင်လှသည့် ရေနံ့သာပန်းချီပြပွဲ ရှုမငြီးဖွယ်ကောင်းအောင် ပြပွဲလာသူများကို ဆွဲဆောင်

ခံစားတင်ပြသူ–မြင့်မောင်စိုး
ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် အောက်တိုဘာ ၂၉

ပန်းချီပညာသည် မြန်မာတို့၏ ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ညွှန်ပြရာ ပညာရပ်ဖြစ်လာသည်။

ယနေ့ခေတ် ပန်းချီဆရာများသည် မျက်မှောက်ခေတ် ကာလတွင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့်စေတီ၊ပုထိုး၊ကျောင်းကန်များ၊တိုင်းရင်းသားရိုးရာဓလေ့များ၊ ဒေသတစ်ခု၏ စရိုက်လက္ခဏာများ၊ အလေ့အထများ၊ရှေးခေတ်အဆောက်အအုံများကို ရေးဆွဲတင်ပြလေ့ရှိသည်။

ပန်းချီကားတစ်ချပ်ကို ကြည့်ရှုလေ့လာခြင်းဖြင့် ခေတ်တစ်ခေတ်သို့မဟုတ် ဒေသတစ်ခု၏ စရိုက်လက္ခဏာများကို သိရှိနိုင်ပေမည်။

ထို့ကြောင့် ပန်းချီပညာသည် ရှေးဟောင်းယဉ်ကျေးမှုကို ဖော်ထုတ် ထိန်းသိမ်းပေးနေသည့် ပညာရပ်လဲ ဖြစ်လာသည်။

အဆိုပါမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ညွှန်းဆိုသည့် ပန်းချီပြပွဲကို အောက်တိုဘာ ၂၆ရက် နံနက်ပိုင်းက ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း၌ ဖွင့်လှစ်ပြသခဲ့သည်။ ၎င်းပြပွဲကို နိုဝင်ဘာ၃ရက်အထိ ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

ယင်းပန်းချီပြပွဲသည် ရေနံချောင်းမြို့နေ ပန်းချီဆရာများ ပူးပေါင်းပြသခြင်းဖြစ်ပြီး ပြပွဲအမည်ကို ရေနံ့သာပန်းချီပြပွဲဟု အမည်ပေးထားသည်။

ထိုပန်းချီပြပွဲရှိရာသို့မြန်မာ့အလင်း သတင်းအဖွဲ့ကလဲ သွားရောက် စေ့ငုခဲ့သည်။

ရှေးဦးစွာ ပန်းချီဆရာ သန်းမြင့်အောင်က ရေနံချောင်းမြို့နယ်မှ ဝါရင့်ပန်းချီ ဆရာကြီးများနှင့် မိတ်ဆက်ပေးပြီး ပြပွဲတွင် လက်ရာမြောက် ပန်းချီကား၁၂၂ကားပြသသွားမည့်အကြောင်း၊ ယင်းတို့တွင် ဆီဆေးကိုးကား၊ ရေဆေး ၇၄ကားနှင့် အခရိုင်းလစ် ၃၉ကား ပြသသွားမည်ဖြစ်ကြောင်း၊ ပန်းချီကားတွင် ရေနံချောင်းမြို့နယ်၏ ရှုခင်းရှုကွက် အများဆုံး ပါဝင်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

ပန်းချီဆရာ ဦးစိန်ဝင်းက ရေနံ့သာကပါးအမည်ရှိ ပန်းချီကားဖြင့် ရေနံချောင်းမြို့၏ သဘာဝရှုခင်းကို ဤသို့ရေးခြယ်ထားသည်။
ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

ပန်းချီဆရာ မြတ်ဇော်က ရေဝတီမြစ်ဘေးရှိ ဖောင်းကတောရွာ၏ သဘာဝရှုခင်းကို ဤသို့ ခံစားတင်ပြထားသည်။
ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

ပန်းချီဆရာ ဦးတင်အောင်က အာနန္ဒာဘုရားပွဲသို့အသွား ဘုရားဖူးများ၏ လှည်းစခန်းချနေသည့် နံနက်ခင်း မြင်ကွင်းကို ဤသို့ ခြယ်မှုန်းထားသည်။
ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

ဝါရင့်ပန်းချီဆရာ ၁၉ဦး၏ ပန်းချီကားများကို ပြခန်းအတွင်း ချိတ်ဆွဲပြသထားမှုများကို မြန်မာ့အလင်း သတင်းအဖွဲ့က လှည့်လည်ကြည့်ရှုရာ ပန်းချီဆရာ ဦးတင်အောင်၏ အာနန္ဒာဘုရားပွဲသို့အသွား ဘုရားအနီး၌ ဘုရားပွဲလာပြည်သူများ လှည်းစခန်းချ၍ နေကြသည့် နံနက်ခင်းမြင်ကွင်း အလှမှာ အညာဒေသ၏ ဘုရားဖူးသွားရခြင်းကိုအောက်မေ့ဖွယ်ကောင်းလှသည်။

ပန်းချီဆရာ ဦးအောင်မောင်း၏ မင်္ဂလာအောင်ချမ်းသာ စေတီအမည်ရှိ ရေဆေးပန်းချီကားမှာလဲ လွမ်းမောဖွယ်ကောင်းလှသည်။

တစ်ဖန် ပန်းချီဆရာ ဦးအမ်တင်ညွန့်၏ ရေဆေး ပန်းချီကားမှာလဲ ရေနံချောင်းမြို့ ရွှေဘုံသာရပ်ကွက်ရှိ ဦးသုတကျောင်းကို အမိအရ ရေးဆွဲထား၍ ဘုရား၊ ကျောင်း၊ ကန်များဖြင့် တင့်တယ်နေပုံကို ကြည်ညိုဖွယ်ရာ တွေ့ရသည်။

ထို့နောက် ပန်းချီဆရာ ဦးစိန်ဝင်းကလဲ **ရေနံ့သာကပါး** ဟု အမည်ပေးထားသော ရေဆေးပန်းချီကားဖြင့် တင်ပြထားသည်မှာ ရေနံချောင်းကို ရောက်ဖူးသူတိုင်း ပြန်လည် သတိရမိမှာ အမှန်ပင်ဖြစ်သည်။



ပန်းချီဆရာ ကျော်စွာသန့်၏ ပင်းချောင်းစပ်တွင် ရေခပ်ဆင်းသည့် ကလေးငယ်များ၏ သဘာဝကိုရေးဆွဲထားသည်မှာ တစ်ဘာသာခံစားကြရသည်။
ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

ထို့အပြင် ပန်းချီဆရာ ကိုမြတ်ဇော်ကလဲ **တွင်းရေချိုချို** ဟု အမည်ပေးထားသည့် ပန်းချီကားဖြင့် ဧရာဝတီမြစ်ဘေး ဖောင်းကတောရွာသူရွာသားများမြစ်ရေကျချိန် ရေချိုခပ်သည့် ဓလေ့သဘာဝကို ညှောင်ပင်ကြီး နောက်ခံပြု ရေးဆွဲထား၍ မျက်စိပသာဒအဖြစ် ဆွဲဆောင်နေသည်။

တစ်ဖန် ပန်းချီဆရာဦးဝင်းကြည်ကလဲ **ကမ်းပါးခြေကတဲ** ဟု အမည်ပေးထားသည့် ရေဆေးပန်းချီကားမှာ ကမ်းပါးခြေတွင် အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်နေသည့် မြင်ကွင်းကို ထင်ဟပ်စေသည်။ ပန်းချီဆရာ ဘီကံကလဲ ဧရာဝတီမြစ်ကမ်းပါးရှိ ကမ်းပါးအိုကြီးများ၏ ဖြစ်တည်နေမှုကို ခြယ်မှုန်းထား၍ မမြဲသော အနိစ္စတရားကို ညွှန်းဆိုနေသည်။

ပန်းချီဆရာ သန်းမြင့်အောင်က ဧရာဝတီမြစ်အတွင်း မြစ်ကျိုးအင်းများ ဖြစ်တည်မှုကို ဤသို့ ခြယ်သထားသည်။ ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

ပန်းချီဆရာ ကျော်စွာသန့်ကလဲ **ပင်းဝသူများ** ဟု အမည်ပေးထားသည့် ပန်းချီကားဖြင့် ပင်းချောင်းစပ်ရှိ လက်ယက်တွင်းများ၌ ရေခပ်နေသော ကလေးများ၏ မြင်ကွင်းသဘာဝကို ခြယ်မှုန်းထားသည်။

ပန်းချီဆရာ ကိုသန်းမြင့်အောင်ကလဲ **မိုးရွာပြီးစနံနက်ခင်း** ဟု အမည်ပေးထားသော ပန်းချီကားမှာ မိုးရွာချိန် မြစ်ရေတက်လာမှုကြောင့် မြစ်ကျိုးအင်းများအဖြစ် တည်ရှိနေပုံကို သဘာဝကျကျ တင်ပြထားသည်။

ပန်းချီဆရာ ဦးလှမြင့်၏ **လှည်းယဉ်ကျော့နှင့် ဆွမ်းအုပ်ရှင်** ပန်းချီကားမှာ တစ်ချိန်ကကျေးလက်ဒေသ၏ ဘုန်းကြီးကျောင်း ဥပုသ်စောင့်သွားပုံ ဖော်ညွှန်းထားသည်။

သို့ဖြစ်၍ လက်ရာမြောက်လှသည့် ရေနံချောင်းမြို့နယ်၏ မြင်ကွင်း အဖုံဖုံ ရှုခင်းစုံကို ကြည့်ရှုခံစားရင်း ပန်းချီချစ်သူများ၊ ပန်းချီပညာကို လေ့လာလိုက်စားနေသော လူငယ်လူရွယ်များ အနေဖြင့် ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းဆီက ရေနံ့သာပန်းချီပြပွဲသို့ အရောက်လှမ်းကြည့်ရှုကြပါဟု ဖိတ်ခေါ်ရေးသားလိုက်ရပေသည်။ ။**(မြန်မာ့အလင်း)**

ခြိမ့်ခြိမ့်သဲကျင်းပမည့်

တောင်ကြီးတန်ဆောင်တိုင်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၉

သတင်းဆောင်းပါး – မေမေနီ

"တန်ဆောင်တိုင်ပွဲတော်သည်" မြန်မာ့ရိုးရာ ဘာသာရေးပွဲတော်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် တန်ဆောင်မုန်းလတွင် ဗုဒ္ဓဘုရားရှင်အားရည်စူး၍ ဆီမီးထွန်းညှိပူဇော်သော ပွဲတော်ဖြစ်သည့်အပြင် ဗုဒ္ဓသာသနာတော်အား စောင့်ရှောက်တော်မူကြကုန်သော သံဃာတော်တို့အား သင်္ကန်းကပ်လှူသည့် ကထိန်ပွဲတော်ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဘုရားရှင်အား ရည်မှန်းကပ်လှူရန် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲများကိုလည်း ကျင်းပကြသည့် ပွဲတော်ဖြစ်သည်။ ယင်းဘာသာရေးဆိုင်ရာ ပွဲတော်များနှင့်အတူ ပျော်ပွဲရွှင်ပွဲများနှင့် ပြိုင်ပွဲအမျိုးမျိုးဖြင့် စည်ကားသိုက်မြိုက်စွာဖြင့် ယှဉ်ပြိုင်ကြရာတွင် **"မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ"** သည်လည်း အပါအဝင်ဖြစ်သည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလ ရောက်သည့်အခါ မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတော်ကို ရိုးရာမပျက်ကျင်းပခဲ့သည်မှာ ယခုနှစ်အထိ နှစ်ပေါင်း ၈၁ နှစ် ရှိပြီ ဖြစ်သည်။

မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ကျော်ကပင် ကျင်းပခဲ့သည်။ ယခုအခါ မီးပုံးပျံပြိုင်ပွဲသည် ထူးခြားစည်ကား၍ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှုအားပေးသည့်ပြင် နိုင်ငံခြားခရီးသွားဧည့်သည်များလည်း စိတ်ဝင်စားစွာဖြင့် လာရောက်ကြည့်ရှုကြကြောင်း တွေ့ရှိရသည်။ တောင်ကြီးမြို့၏ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးသည် မြို့ကျက်သရေဆောင် စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီးအား ဗုဒ္ဓပူဇနီယပွဲတော် (ဘုရားပွဲတော်)လည်းဖြစ်၍ ဘုရားကုန်းတော်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး ပွဲတော်ကာလတစ်လျှောက် ကြိတ်ကြိတ်တိုးအလွန်စည်ကားသည်။

ယခုနှစ်တန်ဆောင်တိုင်ပွဲတော်ကာလသည် အောက်တိုဘာ ၃၀ ရက် **(ယနေ့)**မှ နိုဝင်ဘာလ ၅ ရက်အထိ ခုနစ်ရက်တိုင် ကျင်းပမည်ဖြစ်သည်။ မီးပုံးပျံ ပြိုင်ပွဲကြီးတွင် နေ့စဉ် နေ့လွှတ်မီးပုံးပျံ ခြေနှစ်ချောင်းအရုပ် ၇၃ လုံး၊ ခြေလေးချောင်းအရုပ်မီးပုံးပျံ၅၁လုံး၊ အုပ်စုလိုက်အရုပ်မီးပုံးပျံ ၄၄ အုပ်စုနှင့် ညလွှတ် စိန်နားပန်မီးပုံးပျံ ၃၅ လုံး၊ မီးရှူးမီးပန်းများဖြင့် မီးကြီးမီးပုံးပျံ ၃၃ လုံးနှင့် အလှပြမီးပုံးပျံများ အပါအဝင် မီးပုံးပျံအလုံးပေါင်း ၂၅၀ ခန့် လွှတ်တင်ပူဇော် ပြိုင်ပွဲဝင်ကြမည်ဖြစ်သည်။ ထို့ကြောင့် မီးပုံးပျံပြိုင်ပွဲကြီးသည် ဒေသခံပြည်သူတို့၏ ဝါသနာကြီးမှု၊ အားပေးမှု၊ တီထွင်ဆန်းသစ်မှုတို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်း ထင်ရှားကျော်ကြားလာသည်။

ပွဲတော်ကာလတွင် တန်ဆောင်မုန်းလဆန်း ၁၄ရက်ညဉ့် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၂၀ မှ မီးပဒေသာလှည့်လည်ပူဇော်ပြိုင်ပွဲကို ရပ်ကွက်များမှ ဘုရားကုန်းတော်အထိ မီးပူဇော်ကြသည်။ ယင်းမီးပဒေသာလှည့်လည်ပူဇော်ရာတွင်လည်း ရပ်ကွက်အလိုက် မီးပဒေသာအလှဆင်တီထွင်ကြပြီး ပြိုင်ပွဲဝင်ပူဇော်ကြသည်။ ထိုသို့ မီးပဒေသာလှည့်လည်ပူဇော်နေကြစဉ် စေတီတော်၏ ရင်ပြင်ပေါ်တွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ကျင်းပသည်။ မသိုးသင်္ကန်းကို ပဒုမ္မာကြာရိုးမှ ကြာသင်္ကန်းရက်လုပ်သည့် သရုပ်ပြရက်လုပ်ကြသည်။ တန်ဆောင်မုန်းလပြည့်နေ့ နံနက် အရုဏ်တက်ချိန်တွင် ရက်ကန်းစင်များမှ ရက်လုပ်ယှဉ်ပြိုင်ကြသည့် သင်္ကန်းများကို စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီး၏ လိုဏ်အတွင်း အရပ်လေးမျက်နှာရှိ ရုပ်တော်မူ ဘုရားကြီးလေးဆူတွင် မသိုးသင်္ကန်းအား ဆက်ကပ်ပူဇော်ကြသည်။

တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ငှက်ရုပ်ပုံမီးပုံးပျံကို ဤသို့လွှတ်တင်ထားခဲ့သည်မှာ...။

ထို့အတူ တန်ဆောင်မုန်းလဆန်း ၁၄ရက်နေ့တွင် မြို့လုံးကျွတ် ဘုံကထိန် လှူဒါန်းပွဲ၌ ကထိန်သင်္ကန်းများပါဝင်သည့် ပဒေသာပင်များ လှည့်လည် ပူဇော်ကြရာတွင် နှစ်စဉ် ပဒေသာပင်ပေါင်း ၂၀၀ ကျော်မှ တန်ဖိုးအားဖြင့် သိန်းရာကျော် နှစ်စဉ်လှူဒါန်းကြပြီး လပြည့်နေ့၌ မဟာအတုလမာရဇိန် မြို့လယ်ဓမ္မာရုံတွင် ကထိန်အလှူရေစက်ချတရားတော် နာယူကြသည်။

ယမန်နှစ်မှစ၍ ထူးခြားသည့်ပြိုင်ပွဲတစ်ခုမှာ ပွဲတော်ကာလအတွင်း ဓာတ်ပုံပညာရှင်များ၏ ရိုက်ကူးရယူထားကြသည့် ဓာတ်ပုံများမှ ပြိုင်ပွဲအမျိုးအစား သုံးမျိုးဖြင့် ဓာတ်ပုံပြိုင်ပွဲပြုလုပ်ပေးသည်။ ယခုနှစ်တွင်လည်း ဓာတ်ပုံပြိုင်ပွဲကို ထူးကဲစွာ ဆက်လက်ပြုလုပ်မည် ဖြစ်သည်။ ထို့အပြင် ရိုးရာခြင်းခတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲများ၊ အငြိမ့်၊ ဇာတ်သဘင်၊ စင်တင်တေးဂီတစသည့် ပျော်ပွဲရွှင်ပွဲများ ပါဝင်သဖြင့် ပွဲတော်သို့ လာရောက်ကြသည့် ပရိသတ်တို့အတွက် အပန်းဖြေအနားယူ ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းစကားပါးဖော်ပြလိုက်ရပါသည်။ ။

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည်ကို လာရောက်ကြည့်ရှုသူများ ဤသို့ ကြိတ်ကြိတ်တိုး စည်ကားလေ့ရှိသည်။

မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဂွမြို့ချေးငွေရုံးခွဲ အဆောက်အအုံသစ်ဖွင့်

ရန်ကုန် အောက်တိုဘာ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ဂွချေးငွေရုံးခွဲ၏ အဆောက်အအုံသစ် ပြောင်းရွှေ့ဖွင့်လှစ်ခြင်း အခမ်းအနားကို ဂွမြို့မြန်မာ့အသေးစားချေးငွေလုပ်ငန်း အဆောက်အအုံသစ်၌ အောက်တိုဘာ ၁၉ရက် နံနက် ၈နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းနှင့် ဂွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦးတို့က အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

ထို့နောက် အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက ရုံးခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ရခိုင်ပြည်နယ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ **(က-ပ)**

မေဒိနီကျောင်းတိုက် ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောင်းကုန်းတောရ မေဒိနီကျောင်းတိုက်ကြီး၏ အကြိမ်(၆၀)မြောက် ဘုံကထိန်ပွဲကို (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ထို့ပြင် မေဒိနီကျောင်း တိုက်မှ စာအောင်သံဃာတော်၊ စာချနာယကဆရာတော်၊ ဝါတွင်းသီတင်း သုံးတော်မူကြသော သံဃာတော်များ၊ ပင့်သံဃာတော်များအား ပူဇော်ကန်တော့ပွဲပါ တစ်ပါတည်း ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

မော်လမြိုင်မြို့ အထက (၄)

မြတ်ဆရာပူဇော်ပွဲကျင်းပမည်

မော်လမြိုင် အောက်တိုဘာ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း (ယခင်ဝိခ်စ် အထက်တန်းကျောင်း)မှ ကျောင်းသား ကျောင်းသူဟောင်းများက တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် အမှတ်(၄)အထက ပွင့်ဦးမာလာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်ဝေးရောက် အပူဇော်ခံဆရာ၊ ဆရာမများ(အငြိမ်းစား)၊ ကျောင်းသားကျောင်းသူဟောင်းများ ဆက်သွယ်ရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဆက်သွယ်ပါဝင်လှူဒါန်းရန်အတွက် မြတ်ဆရာကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဟန် ဖုန်း-၀၅၇-၂၂၃၄၅၊ အတွင်းရေးမှူး ဦးအောင်ဇော်မိုး (ဆွေမိုး-အော့ဖ်ဆက်)ဖုန်း-၀၉-၅၃၂၁၃၅၀၊ ဘဏ္ဍာရေးမှူး ဒေါ်ရင်ကြည်ဖုန်း-၀၉-၅၃၂၁၇၈၇၊ ဦးစိုးမင်း ဖုန်း-၀၉ ၅၃၂၁၇၇၃၊ ဦးစိုးဝင်း (ရန်ကုန်) ဖုန်း-၀၁-၅၄၁၈၇၃၊ ဒေါ်ဝေဝေ(ရန်ကုန်)ဖုန်း-၀၁-၅၁၁၀၁၈နှင့် ဒေါ်ခင်ပြုံးမွန် (ရန်ကုန်)ဖုန်း-၀၉-၉၈၂၅၅၈၃၊ ၀၁-၂၀၂၉၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကွင်းဆင်းဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၂၉

ချင်းပြည်နယ် ဖလမ်းခရိုင် ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်တိုဘာ ၁၃ရက်မှ ၂၀ရက်အထိ မြို့နယ်အတွင်း ကျေးရွာ ၁၂ရွာသို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေး

ရှေးဦးစွာမြို့နယ်ဦးစီးမှူး ဦးနီကျင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးရွှေဘွိုင်းနှင့် ဝန်ထမ်းများက ရှင်သန်နေသော စာကြည့်တိုက်များဖြစ်ပေါ်ရေး ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကျေးရွာစာကြည့်တိုက် ကော်မတီများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာပြည်သူများက စာကြည့်တိုက်များသို့ သုတ၊ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်မျိုးစုံ စုပေါင်းပေးအပ်လှူဒါန်းကြရာ ခွါဘုံကျေးရွာ အုပ် ၁၀၆၀၊ ငါဖိုင်ပီးကျေးရွာ ၁၆၇အုပ်၊ ထန်စန်းကျေးရွာ အုပ် ၂၀၀၊ လေတပ်(ခ)ကျေးရွာ အုပ် ၁၅၀နှင့် ငါဖိုင်သွေးကျေးရွာအုပ် ၂၁၀တို့ကို သက်ဆိုင်ရာ ကျေးရွာ စာကြည့်တိုက်မှူးများက အသီးသီး လက်ခံရရှိကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

ပန်းတစ်ပွင့်တောင် စုပေါင်းမဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေး(အထက်တန်း)ကျောင်းအုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်က ကြီးမှူး၍ (၁၀)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်နှင့် ပန်းတစ်ပွင့်တောင် နယ်မြေရှိ ဆယ့်တစ်မီးငြိမ်းစေတီတော်မြတ်ကြီး၊ ယက္ခတောင်စေတီ၊ ကျွတ်လွတ်စေတီ၊ အောင်ဝိဇ္ဇာစေတီ၊ နဂါးရုံဘုရားတို့ကို ဆီမီးနံ့သာ ၉၉၀၀စီ ပူဇော်ပွဲ၊ ဘုရားဖူးများ ကျန်းမာရေးအတွက် မဲဇလီဖူးသုပ်နှင့် အိုဝေး၊ နာဝေးဆေး စတုဒိသာကျွေးပွဲကို တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၄ရက်)စနေနေ့တွင် အဆိုပါ သာသနာ့နယ်မြေ၌ ကျင်းပမည် ဖြစ်ရာ ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင် ဆရာတော် ဖုန်း-၀၅၅-၂၀၂၅၉၊ ဖုန်း-၀၅၅-၂၀၅၃၃၊ ဦးမျိုးညွန့်-ဒေါ်တင်တင်ဝင်း ဖုန်း-၆၄၀၁၈၁၊ ဦးတီတိုး ဖုန်း-၅၀၀၈၂၅၊ ဒေါ်ကျင်သောင်း ဖုန်း-၂၄၅၄၈၈ နှင့် ဦးရွှေသန်း ဖုန်း-၆၉၉၈၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့်အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးအောင်သွင်အားရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ တိုက်(၄၅) အခန်း ၁၄ နေ ဒေါ်မြင့်မြင့်အေး(စောမြင့်အေး)နှင့် သားသမီး၊ မြေးများက လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်(၄၂) ပထမထပ်နေ ဦးမျိုးသန့်နေအိမ်၌ လှူဒါန်းသည့် အလှူတော်ငွေကျပ် ၁၃၅၀၀၀ ကို အမှူဆောင်ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

စိန်ပေါလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

နှစ်စဉ်ကျင်းပမြဲဖြစ်သော စိန်ပေါလ်ကျောင်းသားဟောင်းများ၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် အထက(၆) ဗိုလ်တထောင် အောင်ဆန်း ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဦးသန်းထွန်းအားရည်စူး၍ အမှတ် ၄၀၀(ဘီ) ၁၄ လမ်း (၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ယဉ်ကြည်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် မျက်စိကုလေဆာစက်အတွက် အလှူငွေကျပ်သုံးသိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင်က လက်ခံရယူစဉ်။ (က-ပ)

မိတ္ထီလာဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၂၉

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၁၂၉)၏ ပဓာနနာယက ကျောင်းသစ် ကျောင်းဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ) သည် ရေချိုရွာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ အမှတ်(၄၄၈)၌ နတ်တော်လဆန်း ၁ရက်မှ ၇ရက်ထိ လည်းကောင်း၊ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုး ကြီးကြပ်ပေးမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း ဝန်ထမ်း ကုန်ပဒေသာဆိုင် ဖွင့်လှစ်ကာ အဖွဲ့ဝန်ထမ်းများအတွက် စက်တင်ဘာ ၃၀ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီးနှံစိုက်ခင်းမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်နှင့် သီးနှံများကို ဦးစီးမှူးဦးခင်အောင်နီက အခမဲ့ ဖြန့်ဝေပေးစဉ်။

(မြို့နယ် စည်ပင်)

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဆင်းပွဲ ဖန်းဖော်၌ ကျင်းပ

ဖန်းဖော် အောက်တိုဘာ ၂၈

ဖန်းဖော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ မိုးမောက်မြို့နယ် ပြန်/ဆက်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးလင်းအားလည်းကောင်း၊ ဒုတိယဆုရ ဒေါ့ဖုန်းယန်မြို့နယ် ပြန်/ဆက်ရုံးမှ စာထောက်(၃) ဒေါ်အိအိမွန်အားလည်းကောင်း၊ တတိယဆုရရှိသော ဒေါ့ဖုန်းယန်မြို့ ပြန်/ဆက်ရုံးမှ အငယ်တန်းစာရေး ဒေါ်ဘောက်စောမ်အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကျက်ဆူတောကျေးရွာနှင့် ဘလားကျေးရွာ ဆက်သွယ်သည့် သစ်သားတံတား ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၉ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသူရ တို့က ရှင်းလင်းတင်ပြစဉ်။ (၀၇၄)

အထက(၂)ဟင်္သာတ အာစရိယပူဇော်ပွဲကျင်းပမည်

ဟင်္သာတ အောက်တိုဘာ ၂၅

အထက(၂)ဟင်္သာတမှ အငြိမ်းစားဆရာ၊ ဆရာမများအား တပည့်ဟောင်းများက ၂၀၀၆ ခု နိုဝင်ဘာ ၁၄ရက် (အမျိုးသားနေ့)တွင် (၄၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နဝရတ်ခန်းမ၌ ကျင်းပ ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

လှူဒါန်းနိုင်

ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များသည် အလှူငွေများကို ဦးစိုးမြင့်အောင်-ဒေါ်သန်းသန်းစော ဖုန်း-၀၁-၆၆၃၄၄၈၊ ဒေါ်ရီရီအေး ဖုန်း-၀၉-၅၀-၂၂၇၄၄၊ ဒေါ်အေးအေးစိန် ဖုန်း-၀၁-၆၄၃၇၈၆၊ ဆရာကြီးဦးအေးသန့် ဖုန်း-၀၄၄-၂၁၁၁၀၊ ဦးမျိုးဝင်းဇော် ဖုန်း-၀၆၇-၂၁၅၃၄/၂၁၂၂၀၊ ကိုအောင်ကိုလတ် ဖုန်း-၀၉-၅၁-၂၂၄၃၅၊ ဦးစံလှ ဖုန်း-၀၁- ၇၂၄၇၈၂၊ ဒေါ်ခင်လှကြင် (ဟင်္သာတ အသင်း)ဖုန်း ၀၁-၂၀၁၁၁၄၊ ဦးရဲထွန်း ဖုန်း-၀၁-၂၆၉၀၅၆၊ ဦးကျော်လှိုင် ဖုန်း-၀၁-၅၄၀၁၂၅နှင့် ဦးဖေသန်း ဖုန်း-၀၁-၅၃၉၅၇၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် ကန်တော့ခံ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ(ဟောင်း)များ ဖိတ်ကြားလွှာ မရရှိသော်လည်း တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြင်းလှည်းများ စည်းကမ်းတကျမောင်းနှင်ရေး ဖျာပုံမြို့တွင် ကြပ်မတ်ဆောင်ရွက်

ဖျာပုံ အောက်တိုဘာ ၁၅

ကျေးလက်နေပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘဏ္ဍာရေးနှစ်အလိုက် မြင်းလှည်းလိုင်စင်များ စိစစ်ထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၃ရက် နံနက်က ဖျာပုံမြို့နှင့် မော်ဘီ၊ အချာ၊ သမိန်ထောကျေးရွာများသို့ မောင်းနှင်ပြေးဆွဲလျက်ရှိသည့် မြင်းလှည်းများ ဂိတ်ဝင်၊ ဂိတ်ထွက် စည်းကမ်းရှိစေရေး၊ သတ်မှတ်ထားသော လမ်းကြောင်းများ အတိုင်း စနစ်တကျ မောင်းနှင်ပြေးဆွဲရေးတို့ကို ဒုတိယဦးစီးမှူး(အခွန်) ဒေါ်စီစီထွန်း၊ ဒုတိယဦးစီးမှူး(စည်းကမ်း) ဦးကျော်ဌေးနှင့် စည်ပင်သာယာဝန်ထမ်းများက ကြီးကြပ်စစ်ဆေး ဆောင်ရွက်ပေးခဲ့သည်။ **(၁၅၈)**

ငွေဆောင်ကမ်းခြေ (စင်ထရယ်)
အထူးအစီအစဉ်

* ငွေဆောင်ကမ်းခြေမှာ အလှပဆုံး **Sea View** ဘန်ဂလိုမှာ တည်းခိုရမယ်။
* အောက်တိုဘာ (၁) ရက်နေ့မှစပြီး နှစ်လအတွင်း တည်းခိုသူမိတ်ဆွေများအား **20% Discount** ပေးထားပါတယ်။
* (၂)ညအိပ် (၃)ရက်ခရီးစဉ်အတွက် စရိတ်ငြိမ်း လူတစ်ဦး (၄၃,၂၀၀/-)သာကျမယ်။
* ရန်ကုန်-ငွေဆောင်-ရန်ကုန် ကားသီးသန့်ခရီးစဉ်များလဲ (သောကြာနေ့)တိုင်း စင်ထရယ်မှ ထွက်ပေးနေပါတယ်။

ဆက်သွယ်စုံစမ်းရန် - **ဖုန်း-၂၄၁၀၀၁ မှ ၂၄၁၀၀၇**
လိုင်းခွဲ (၅၂၂/၁၀၆) (စင်ထရယ်)
ဖုန်း-၀၉-၅၂၀၀၇၁၂/ ၀၄၂-၄၀၂၁၅/၂၁၆ (ငွေဆောင်)။

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်တိုင်း တရားရုံး ၂၀၀၆ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၇၅
(ကွယ်လွန်သူ အီစ္စမိုင်အာမက်ဆီမာ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်မြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူ အီစ္စမိုင်အာမက်ဆီမာ၏ ကျန်ရှိရစ်သောပစ္စည်း အပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် အမှတ်-၇၁၁/၇၁၅ အခန်းအမှတ်(၂၄) ၃ ရပ်ကွက် ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် နေထိုင်သူ ၁။ ဦးဒါဝုဒ်အယွတ်ဆီမာ ၂။ ဒေါ်ရရှုလ်ဘီအယွတ်ဆီမာ ၃။ ဦးအီစ္စမိုင်အယွတ်ဆီမာ ၄။ ဦးအဗ္ဗဒူရာမန်းအယွတ်ဆီမာနှင့် အမှတ် ၄၄၊ ၁၂၆ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်သူ ၅။ ဦးအာမက်(ခ)ဦးခင်မောင်လှ ၆။ ဒေါ်နူရ်ဂျာန်ဘီဘီ ၇။ ဒေါ်ခင်ခင်နုတို့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့၊ (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်နေ့)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူအီစ္စမိုင်အာမက်ဆီမာ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့(၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၄ရက်နေ့)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးဒါဝုဒ်အယွတ်ဆီမာပါ(၇)ဦးတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

ဝင်းဆွေ
တွဲဖက်တိုင်းတရားသူကြီး(၁၀)၊ ရန်ကုန်တိုင်းတရားရုံး။

မြန်မာလူမျိုးတို့ အနုသုခုမပညာရပ်များကို ဖော်ဖြေရေးသက်သက်လို့ မည်သည့်အခါကမျှ မယူဆခဲ့ ယဉ်ကျေးမှုအမွေပေးရာ၊ ရိုးရာဓလေ့စရိုက် အစဉ်အလာကောင်းများပြန့်ဝေရာ စွမ်းအားအဖြစ်အသုံးပြု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အမျိုးသားအဆင့်ဖြင့် နှစ်စဉ်မပျက် ခမ်းနားထည်ဝါစွာ ကျင်းပနေ တိုင်းတစ်ပါးဓလေ့စရိုက်များ စီးပွားရေးနှင့် လူမှုရေးတံခါးပေါက်မှ စိမ့်ဝင်ထိုးဖောက်နေမှု ရိုးရာယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းသည့် ကိုယ်ခံစွမ်းအားကောင်းများဖြင့် တားဆီးကာကွယ်

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားသည့်မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတကာအမြင်လို့ ကြွေးကြော်ပြီး အမျိုးသားရေးစိတ်ဓာတ်နဲ့ အမျိုးသားရေးဓလေ့စရိုက် ထိန်းသိမ်းစောင့်ရှောက်မှု အစဉ်အလာကောင်းတွေကို ခေတ်မမီတော့သယောင် သေးသိမ်အောင်ပြောဆိုရင်း တိုင်းတစ်ပါးကို မျက်စိမှိတ်အားကျအထင်ကြီးအောင်၊ စည်းကမ်းမဲ့ ပရမ်းပတာလွတ်လပ်မှုတွေ ကြီးစိုးလာအောင် လှုံ့ဆော်သွေးဆောင်နေကြတဲ့ တိုင်းတစ်ပါးသြဇာခံ အဖျက်သမားများရဲ့ အန္တရာယ်ကိုလည်း အသိတရားရှိရှိနဲ့ တားဆီးကာကွယ်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်လိုက်သည့် အသေးစိတ်အခြေခံရမည့်မူများ အချပ်ပိုလေးမျက်နှာပါရှိ

ရန်ကုန် အောက်တိုဘာ ၂၉

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်လိုက်သည့် အသေးစိတ်အခြေခံရမည့်မူများကို အချပ်ပိုလေးမျက်နှာအဖြစ် ဖော်ပြထားပါသည်။ (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်လိုက်သည့် အသေးစိတ် အခြေခံရမည့်မူများ

ရန်ကုန် အောက်တိုဘာ ၂၉

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်လိုက်သည့် အသေးစိတ်အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်–

"၁။ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေး စတင်သည့်နေ့မှ ၁၅ ရက် အတွင်း ကျင်းပရမည်။
ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စု လွှတ်တော် နာယက က ခေါ်ယူကျင်းပရမည်။

၂။ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စု လွှတ်တော်နာယက က တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ် အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–
(က) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် နာယက က ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော် သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(ဈ) ပြည်ထောင်စုလွှတ်တော်နာယက က ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၄။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စု လွှတ်တော်နာယက က ခေါ်ယူကျင်းပနိုင်သည်။

၅။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော် သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စု လွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်း အဝေးကို ဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၆။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံးလေးပုံတစ်ပုံကတောင်းဆိုလျှင် ပြည်ထောင်စု လွှတ်တော်နာယက က အထူး အစည်းအဝေးကို အမြန်ဆုံးခေါ်ယူ ကျင်းပရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမ နေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ ထက်ဝက်ကျော် ဦးရေတက်ရောက်လျှင် ယင်း အစည်းအဝေး အထမြောက်သည်။ အကယ်၍ အထ မမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။
(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့် အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများ နှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပ သော အစည်းအဝေးများတွင် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံ တစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက် သည်။

၈။ (က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်း ထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။
(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် မဲခွဲ ဆုံးဖြတ်သည့်ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော် နာယက သို့မဟုတ် နာယက တာဝန်ထမ်းဆောင်နေသည့် ဒုတိယ နာယကသည်ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက် ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့်ကိစ္စရပ်တွင်သာ 'အနိုင်မဲ' ပေးရမည်။

၉။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည် ထောင်စု လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စု လွှတ်တော် နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက် တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများ နှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယက က သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်း ထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စု လွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေး မရှိသူတစ်ဦးက ပြည်ထောင်စု လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ် ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်း များကို အများပြည်သူ သိရှိနိုင်ရန်ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက် အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက် များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ (က) ပြည်ထောင်စုလွှတ်တော်သည် "ပြည်ထောင်စု ဥပဒေ ပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်း ကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်၊
(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင် ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော် နှစ်ရပ်စလုံးကအတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည် ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

၁၃။ (က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်း သည့်အခါ–
(၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန် ခွင့်ကို အပ်နှင်းနိုင်သည်၊
(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင် အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်၊ ကြော်ငြာ စာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။
(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။
(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံး က နည်းဥပဒေ၊စည်းမျဉ်းဥပဒေသို့မဟုတ်စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက် သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။
(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘော ကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရမည်။
(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ် (ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်း နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ အရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

၁၄။ ပြည်ထောင်စုလွှတ်တော်သည်–
(က) နိုင်ငံတော်သမ္မတကတင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြု ဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။
(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံ အချင်းချင်း ဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များ အနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘော တူညီချက် အမျိုးအစားကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်။

၁၅။ (က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါ အတိုင်း ဆောင်ရွက်ရမည်၊
(၁) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပဆဲ ကာလ ဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေး ဆုံးဖြတ်ရမည်၊
(၂) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲ ကာလ မဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စု လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊
(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက် ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေး ဆုံးဖြတ်ရမည်။
(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေ ကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော် သို့ တင်ပြသည့်အခါ–
(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည် ပြုမပြု ဆုံးဖြတ်ရမည်၊
(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့်ဆက်လက် အာဏာတည်ရမည့် အချိန်ကာလကို သတ်မှတ်ပေး ရမည်၊
(၃) အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည် သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၁၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများသည် "ပြည်ထောင်စု ဥပဒေပြု စာရင်း"တွင်ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံ ခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်း များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့်အခွန်အကောက်ဆိုင်ရာ ဥပဒေ ကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၇။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း သော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ပြည်သူ့လွှတ်တော်တွင် ဖြစ်စေ၊ အမျိုးသားလွှတ်တော် တွင် ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်။

၁၈။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေ ကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် အစည်း အဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်း လေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်း ကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။

၁၉။ ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုး သားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော် တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

၂၀။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြု သော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြု သည်ဟု မှတ်ယူရမည် ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက် တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန် ကြေညာရ မည်။
(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ် ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ် ထားသည့်ကာလအတွင်း မိမိ၏သဘောထားမှတ်ချက်နှင့် အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည် ပေးပို့နိုင်သည်။

အချပ်ပို(ခ)သို့

အချပ်ပို(က)မှ

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထား မှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန် ကြေညာခြင်း မပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော် သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေ ဖြစ်လာရမည်။

၂၁။ (က) နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော် သမ္မတက မိမိ၏သဘောထား မှတ်ချက်များနှင့်အတူ သတ်မှတ် ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် ပြည်ထောင်စု လွှတ်တော်သည် နိုင်ငံတော် သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော် သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည်။ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် အညီ ပြင်ဆင်ထားသော ဥပဒေကြမ်း သို့မဟုတ် နိုင်ငံတော် သမ္မတ၏ သဘောထားမှတ်ချက်ကိုလက်မခံဘဲ မူလ အတိုင်း အတည်ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စု လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်း ပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန် ကြေညာရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သော ဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၂။ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော် ပြန်တမ်းတွင် ထုတ်ပြန် ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၂၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့ အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့ အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ် များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၄။ ပြည်ထောင်စုလွှတ်တော်နာယကသည်–

(က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ကြီးကြပ် ကွပ်ကဲရမည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြား ရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင် ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြ စေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြား တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၂၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင် သည့် အခြေအနေ အရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

၂၆။ (က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်း ကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်း ကော်မတီ တို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်း တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခြင်း မပြုရ။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက် ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော် တွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စု လွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေ အရ အရေးယူခြင်းမပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ လက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့ သည် ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်း၊စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေ များအရ လည်းကောင်း အရေးယူခြင်းခံရမည်။

၂၇။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်နေသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်နာယက၏ ကြိုတင် ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၈။ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော် ၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်း များနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ”။ ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်လိုက်သည့် အသေးစိတ် အခြေခံရမည့်မူများ

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်လိုက်သည့် အသေးစိတ်အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်–

“၁။ (က) ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမ အကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် သက်တမ်းစတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက် ဖြစ်သည်။

(၂) အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်း အဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့် နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။

၂။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်း အဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမ အကြိမ်ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန် ဆက်လက် ထမ်းဆောင်လျက်ရှိသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်း အဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) အမျိုးသားလွှတ်တော်၏ နောင်သက်တမ်းများ အတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော အမျိုး သား လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) (၁) ပထမအကြိမ်ကျင်းပသော ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များသည် ပြည်သူ့လွှတ်တော် သဘာပတိ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာ မပြုရသေးသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော ပြည်သူ့ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) (၁) ပထမအကြိမ်ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာ မပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၄။ (က) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

(ခ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူ ကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ။

၅။ (က) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အောက်ပါ ကိစ္စရပ် များကို ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်း တင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ် ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များ နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့်အစီရင်ခံစာ များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်း တင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ် များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

(ခ) အမျိုးသားလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ် များ ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်း တင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ် ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသား လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စ ရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) အမျိုးသားလွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာ များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်း တင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ် များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမ နေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက် ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစု ပေါင်း ဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက် လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

အချပ်ပို(ဂ)သို့

အချပ်ပို(ခ)မှ

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေးအထမမြောက်သည့် အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက် ကျင်းပသော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံ တစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်း အစည်းအဝေး အထမြောက်သည်၊ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်၊

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက် ကျင်းပသော အစည်းအဝေးများတွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၇။ (က) (၁) ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ တစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယ ဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ ‘အနိုင်မဲ’ ပေးရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယ ဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ ‘အနိုင်မဲ’ပေးရမည်။

၈။ (က) (၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးသည် ပြည်သူ့လွှတ်တော် အစည်းအဝေး တစ်ရပ်တွင် ပြည်သူ့လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်း အဝေး တက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ပြည်သူ့လွှတ်တော်က ကြေညာနိုင်သည်။ ပြည်သူ့လွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်း ရေတွက်ခြင်းမပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်း အဝေးတစ်ရပ်တွင် လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စု လွှတ်တော် နာယကထံမှ အကြောင်းကြားချက် ရရှိလျှင် ပြည်သူ့လွှတ်တော် က ယင်းလွှတ်တော် ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် အမျိုးသားလွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်း အဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုအမျိုးသား လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု အမျိုးသားလွှတ်တော်က ကြေညာနိုင်သည်။ အမျိုးသား လွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက် ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက် မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စု လွှတ်တော် နာယကထံမှ အကြောင်း ကြားချက်ရရှိလျှင် အမျိုးသား လွှတ်တော်က ယင်း လွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

၉။ (က) ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့ လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူ တစ်ဦးက ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိ စေကာမူ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့ လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေး မရှိသူတစ်ဦးက အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ သည် ပျက်ပြယ်ခြင်းမရှိစေရ။

၁၀။ (က) ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

(ခ) အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အမျိုးသား လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ တားမြစ်ထားသည့်ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၁။ (က) “ပြည်ထောင်စုဥပဒေပြုစာရင်း”တွင် ဖော်ပြသော ကိစ္စရပ်များ အနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်။

(ခ) “ပြည်ထောင်စုဥပဒေပြုစာရင်း”တွင် ဖော်ပြသော ကိစ္စရပ်များ အနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်။

၁၂။ (က) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့် အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်း နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များ က ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင် စေရန် ဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့် အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး ကျင်းပသော အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော် ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေ တင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်း နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေ တင်ပြသောနေ့ရက်မှ ရက်ပေါင်း၉၀ အတွင်း လွှတ်တော် ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်တွင် အဆို တင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေ တစ်ရပ်ရပ်ကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင် စေရန်ဆုံးဖြတ်ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်တို့ သဘောကွဲလွဲပါက ပြည် ထောင်စု လွှတ်တော်သို့ တင်ပြရမည်။

၁၃။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည် ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်း သော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော် က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်းသော ဥပဒေကြမ်းဟုမှတ်ယူ၍ ပြည်သူ့ လွှတ်တော်၌ ဆွေးနွေး ဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် “ပြည် ထောင်စု ဥပဒေပြုစာရင်း”တွင် ပါရှိသောကိစ္စရပ်များ အနက် ပြည်ထောင်စု လွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှ အပ ကျန် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေ ကြမ်း များကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့ လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း များကို ဆက်လက် ဆွေးနွေးဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည် ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်း သော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော် က သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ပေးပို့လာလျှင် အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ ၍ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရ မည်။

(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် “ပြည်ထောင်စု ဥပဒေပြုစာရင်း”တွင် ပါရှိသော ကိစ္စရပ်များ အနက် ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သတ်မှတ် ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်း သော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ အမျိုးသား လွှတ်တော်သို့ စတင် တင်သွင်းခွင့်ရှိသည်။ ယင်း ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်း များနှင့်အညီ အမျိုးသားလွှတ်တော်၌ ဆွေးနွေး ဆုံးဖြတ်ရမည်။

(၃) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေ ကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့ လွှတ်တော်သို့ ပေးပို့ရမည်။

၁၄။ (က) (၁) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့် အခါ အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘော တူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသား လွှတ်တော်သို့ ပြန်လည် ပေးပို့ရမည်။

(၂) ပြည်သူ့လွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည် ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်သည်

အချပ်ပို(ဃ)သို့

30-10 (ABCD) 3 10/30/06, 2:29 AM

အချပ်ပို(ဂ)မှ

အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံပေးပို့ရမည်။

(၃) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စု လွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထို ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်သူ့လွှတ်တော်သို့ ပြန်လည် ပေးပို့ရမည်။

(၂) အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စု လွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသား လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) အမျိုးသားလွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့ အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၁၆။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်–

(၁) ပြည်သူ့လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဆွေးနွေး ဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်–

(၁) အမျိုးသားလွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆွေးနွေး ဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၁၇။ (က) (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့လွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ဖြစ်စေ၊ ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေတက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ် တော်ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်သူ့လွှတ်တော်၏ စည်းမျဉ်းစည်းကမ်း လုပ်ထုံး လုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများ အရလည်းကောင်း အရေးယူခြင်းခံရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေး သို့ဖြစ်စေ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ အမျိုးသား လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည် အမျိုးသားလွှတ်တော်၏ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

၁၈။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေး တက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှ တစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် ကော်မတီ သို့မဟုတ် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့ အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေး တက်ရောက်နေသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို အမျိုးသား လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော် လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင်သို့မဟုတ် အဖွဲ့၏ အကြီးအကဲမှ တစ်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသား လွှတ်တော် ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့ အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသား လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၁၉။ (က) ပြည်သူ့လွှတ်တော်ကသော် လည်းကောင်း၊ ယင်း လွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ”။ ။